http://www.dhammadownload.com

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၁၇)

# မြတ်ဗုဒ္ဓ၏ကျေးဇူး
# အထူးပေးဆပ်ခဲ့သူ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

http://www.dhammadownload.com

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို

မေမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

# မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၉)ရက်။ ၂၀၁၁ ခုနှစ်၊ ဧပြီလ (၂၇)ရက်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သဒ္ဒမ္မပဇ္ဇောတာရုံကျောင်းတိုက်ကြီးနှင့် ကျောင်းတိုက်ခွဲ(၈)တိုက်တို့၏ အဓိပတိ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ ဆရာတော်ဘုရားကြီး၏ သက်တော် (၈၀) ပြည့် ပတ္တမြားရတုဝိဇာတမင်္ဂလာ ပူဇော်သည့် အခမ်းအနား ဓမ္မသဘင်၌ ထိုဆရာတော်ဘုရားကြီး သီတင်းသုံးရာ မုံရွာမြို့ သဒ္ဒမ္မပဇ္ဇောတာရုံ ကျောင်းတိုက်ကြီး၏ ဓမ္မာရုံကြီးအတွင်းဝယ် ဟောကြားအပ်သော **"မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ"** အကြောင်း တရားတော်။

မြတ်ဗုဒ္ဓ၏ ကျေးဇူးဆိုတာ ဘာလဲ။ မြတ်ဗုဒ္ဓ၏ ကျေးဇူးကို အထူးပေးဆပ်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်ပုဂ္ဂိုလ်လဲ။ ဘုန်းကြီးတို့တတွေ သိရှိနားလည်ပြီးတော့ မိမိတို့ရဲ့အပေါ်မှာရော မြတ်ဗုဒ္ဓရဲ့ကျေးဇူးတရားတွေ

http://www.dhammadownload.com



ပြောပြီး တကယ်လက်မပါတဲ့ မိတ်ဆွေကို ဝစီပရမ မိတ်ဆွေလို့ ခေါ်သလိုပဲ ဖြစ်မှာပဲ။

နှုတ်နဲ့ပဲညွှန်ခံတယ်၊ တကယ်လက်တွေ့မပါဘူး၊ အဲဒီလိုပုဂ္ဂိုလ်မျိုးကို မိတ်ဆွေတုလို့ ဒီလိုသတ်မှတ်ကြတယ်ပေါ့။ အဲဒီလိုမျိုးပဲ ကျေးဇူးတင်တယ်ဆိုတဲ့ အခါမှာ နှုတ်က ပြောတဲ့အတိုင်း ရင်ထဲကလည်း တကယ်ကျေးဇူးတင်ပြီး ဆပ်ဖို့ကြိုးလာလို့ရှိရင် ဆပ်တတ်တဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်။ အဲဒီတော့ မြတ်စွာဘုရားရဲ့ ကျေးဇူးဆိုတာ ဘာလဲ? သေချာ စဉ်းစားကြည့်လိုက်၊ ဘုန်းကြီးတို့တတွေ ဘုရားသာသနာနဲ့ မကြုံရဘူး၊ ဘုရားဟောခဲ့တဲ့ တရားတွေကို မနာရဘူး ဆိုလို့ရှိရင် အသိဉာဏ်အနေနဲ့ စဉ်းစားကြည့် "ဒါက အပြစ်ရှိသလား ဒါက အပြစ်မရှိဘူးလား၊ ဒါက ကုသိုလ်လား ဒါက အကုသိုလ်လား၊ ဒါက လုပ်ထိုက်သလား ဒါက မလုပ်ထိုက်ဘူးလား" ဆိုတာကို ကွဲကွဲပြားပြားသိဖို့ အင်မတန်မှ ခဲယဉ်းတယ်။ တရားနာရလို့သာ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ အပြစ်ရှိတာနဲ့ အပြစ်မရှိတာ၊

http://www.dhammadownload.com



ကုသိုလ်နဲ့အကုသိုလ်၊ ဒီကွဲပြားခြားနားမှုကို သိနေကြရတာ။ ဒီကနေ့ မိမိတို့သိနေတဲ့ အသိဉာဏ်ရတာ မြတ်စွာဘုရားရဲ့ကျေးဇူးပဲပေါ့။

ဒါတင်မကဘူး၊ ဒါက အခြေခံအားဖြင့်ပြောတာ ဒီ့ထက်ကျေးဇူးကြီးတာဘာလဲဆိုရင် ဘုန်းကြီးတို့တတွေ မဆုံးနိုင်တဲ့ သံသရာခရီးကြီးကို လျှောက်တယ်၊ ထိုသံသရာကြီးဆိုတာ ဘယ်ကစလာမှန်းမသိအောင် ရှည်ကြာခဲ့တယ်။ **"အနမတဂ္ဂ"** လို့ခေါ်တဲ့ အစရှာလို့ မသိနိုင်တဲ့ သံသရာခရီးကြီးထဲမှာ လျှောက်လှမ်းလာရသော်လည်းပဲ ထိုသံသရာကနေ ထွက်ပေါက်ဆိုတာ ဘယ်နည်းနဲ့မှ မတွေ့နိုင်ဘူး။ အဲဒီထွက်ပေါက်ကို ဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားပဲပေါ့။ သံသရာကြီးထဲက လွတ်မြောက်ချင်လို့ရှိရင် ဒီလမ်းက သွားဆိုပြီးတော့ လမ်းညွှန်တဲ့ပုဂ္ဂိုလ်ဟာ ဘုရားတစ်ဆူပဲ ရှိတယ်။

ကျန်တဲ့ပုဂ္ဂိုလ်တွေက လမ်းမညွှန်ဘူးလား၊ မြတ်စွာဘုရား လက်ထက်တုန်းက လမ်းညွှန်ခဲ့တာတွေ

http://www.dhammadownload.com



အများကြီးပဲ၊ အိန္ဒိယနိုင်ငံမှာဆိုလို့ရှိရင် လွတ်မြောက်မှု ဆိုတဲ့ မောက်ခ်ရှ ဆိုတဲ့လွတ်မြောက်မှုနဲ့ ပတ်သက်ပြီး တော့ နည်းအမျိုးမျိုး ဖော်ပြပြီးတော့ ဟောပြောနေကြ တဲ့ ဘာသာရေးဂိုဏ်းတွေရှိတာပေ့ါ၊ အဲဒီဘာသာရေး ဂိုဏ်းတွေရဲ့ လမ်းစဉ်အတိုင်းလိုက်နာလို့ရှိရင် တကယ့် ထွက်ပေါက်ရသလားဆိုတော့ မရကြဘူး။ ထွက်ပေါက် ထင်ပြီး သွားရောက်တဲ့အခါမှာ ဆင်းရဲဒုက္ခတွေနဲ့ပဲ ကြုံကြရတယ်၊ တကယ့်ထွက်ပေါက်မဟုတ်ဘူး။ အေး- မြတ်စွာဘုရားကျတော့ အဲဒီလိုမဟုတ်ဘူး၊ သံသရာ ဝဋ်က ထွက်နိုင်တဲ့ တကယ့်ထွက်ပေါက်ဆိုတာကို ပေးထားတယ်။ ထွက်ပေါက်ဆိုတာဘာလဲဆိုရင် နိဗ္ဗာန် ပဲ။

အဲဒီထွက်ပေါက်ကို သွားဖို့လမ်းကြောင်းကိုလည်း မြတ်စွာဘုရားက တိတိကျကျ ထုတ်ဖော်ဟောကြား ပေးထားတယ်။ ဒါက မဂ္ဂင်ရှစ်ပါး၊ မဂ္ဂင်ရှစ်ပါး အကျင့် တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုရင် ထိုထွက်ပေါက်ကို ရောက်ကို ရောက်ကြရမယ်။

http://www.dhammadownload.com



အင်မတန်ကြီးမားတဲ့ အဆောက်အဦတွေမှာဆိုရင် ဒီ (Emergency Exit) ဆိုတာ ထည့်ထားကြရတယ် ပေါ့။ ထွက်ပေါက်မရှိလို့ရှိရင် အရေးကြုံလာလို့ရှိရင် ထွက်ဖို့ခက်တယ်ပေါ့။ သံသရာခရီးကြီးမှာလဲပဲ သံသရာ ဆိုတာ အင်မတန်ကျယ်ပြီး အင်မတန်ကြီးတဲ့ ဒီအထဲမှာ တဝဲလည်လည်နဲ့ ထွက်ပေါက်ရှာမရနိုင်ဘူး။ ၃၁-ဘုံ ထဲမှာ ဘုန်ကြီးတို့တတွေဟာ လူဖြစ်လိုက် နတ်ဖြစ်လိုက် တိရစ္ဆာန်ဖြစ်လိုက် ငရဲရောက်လိုက်နဲ့ စုန်ချီဆန်ချီနေဘိ။ တကယ့်ကို (အနာဂါမ်တွေသာရောက်နိုင်တဲ့ သုဒ္ဓါဝါသ ငါးဘုံကလွဲရင်) ကျန်တဲ့ဘုံတွေမှာ ဘုန်းကြီးတို့တတွေ ဟာ စုန်ချီဆန်ချီနဲ့ လည်နေကြရတာ။ ဗြဟ္မာဖြစ်တော့ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုတ်ရှုတ် ဆိုတာလို ခေါင်းအမျိုးမျိုး ပြောင်းပြီးတော့ သံသရာထဲမှာ လည် နေကြရတယ်။ ထွက်ချင်လို့ ထွက်ပေါက်လိုက်ရှာရင် လည်း ထွက်ပေါက်တွေ့တာမဟုတ်ဘူးတဲ့၊ ထွက်ပေါက် မရနိုင်ဘူး၊ ထွက်ပေါက်ထင်ပြီး တိုးရင်လည်း တဝဲလည် လည်နဲ့ သံသရာထဲကို ရောက်သွားကြတယ်။

http://www.dhammadownload.com



ဘာနဲ့ ဥပမာတူတုန်းဆိုတော့ ဝက်ပါခရီးနဲ့ တူတယ်။ ဝက်ပါထဲ လှည့်လို့ရှိရင် ထွက်ပေါက်လို့ ထင်ပြီးတော့သွားရင် ပိတ်နေတာတွေနဲ့ချည်း ဆုံတယ် ပေါ့။ သံသရာထဲပဲ ပြန်ရောက်နေကြတယ်။ အေး-ဒါကြောင့် သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ကြောင်း ဖြစ်တဲ့ လမ်းကိုလည်း ထုတ်ဖော်ပေးတယ်။ သံသရာ ဝဋ္ဋဆင်းရဲက ထွက်ပေါက်ဖြစ်တဲ့ **နိဿရဏ** နိဗ္ဗာန် ဆိုတဲ့တရားကိုလည်း ဟောကြားပေးထားတယ်။

ထို ဟောကြားပေးထားတဲ့ **နိဿရဏ** ဆိုတဲ့ ထွက် ပေါက်က တကယ့်ထွက်ပေါက်၊ ဒီမဂ္ဂင်လမ်းကြောင်း က လျှောက်သွားလို့ရှိရင် တို့ တကယ့်ထွက်ပေါက်ကို ရပြီး၊ တကယ်ဒုက္ခတွေအေးငြိမ်းပြီး သံသရာထဲက လွတ်မြောက်သွားကြတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲ၊ အဲဒီ ထွက်ပေါက်ကို မြတ်စွာဘုရားက ဘုရားအဖြစ်သို့ ရောက်ပြီး နှစ်လလွန်တဲ့အခါမှာ ဗာရာဏသီပြည်အနီး က **ဣသိပတန** လို့ခေါ်တဲ့ ဘေးမဲ့တောကြီးမှာ ဓမ္မစကြာတရားကိုဟောခြင်းဖြင့် ထွက်ပေါက်ကိုရှာပေး

http://www.dhammadownload.com



ခဲ့တယ်။ မြတ်စွာဘုရားမပွင့်မီက သံသရာဝဋ်ကလွတ်ဖို့ ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်ပုဂ္ဂိုလ်မှ မလွတ်မြောက်နိုင်ကြဘူး။

မြတ်စွာဘုရားအလောင်းကို သမထကျင့်စဉ်တွေ ဟောပြောပေးတဲ့ **အာဠာရကာလာမ** တို့ **ဥဒကရာမပုတ္တ** တို့ဆိုတာ ထွက်ပေါက် မရရှာကြဘူး။ မရဘဲနဲ့ ဘယ်ရောက်သွားကြတုန်း၊ **အာဠာရကာလာမ** ဆိုတာ ၃၁-ဘုံထဲမှာ အပါအဝင်ဖြစ်တဲ့ **အာကိဉ္စညာယတန**ဘုံ (ရုပ်မရှိ နာမ်ချည်းသာရှိတဲ့ဘုံ) မှာ ကမ္ဘာပေါင်း မြောက်များစွာ သက်တမ်းရှည်ကြာပြီး သက်တမ်းကုန်တာနဲ့ တပြိုင်နက် သံသရာ ပြန်လည်လာဦးမှာပဲ။ သူကြိုးစားတုန်းကတော့ ထွက်ပေါက်လို့ထင်ပြီးတော့ သွားတာ၊ ထွက်ပေါက်မဟုတ်သေးဘူး။

ထို့အတူပဲ ရာမ ဆရာကြီးက **နေဝသညာနာ-သညာယတန** ဆိုတဲ့ ကျင့်စဉ်ကြီးကို ကျင့်ပြီးတော့ သံသရာကနေ ထွက်ပေါက်လို့ ယူဆပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့တယ်။ သူ့တပည့်ဖြစ်တဲ့ ဥဒက

http://www.dhammadownload.com



တို့ကိုလည်း ဒီလမ်းစဉ်ကို ညွှန်ကြားခဲ့တယ်။ ဘုရား အလောင်းဟာလည်းပဲ ရာမရဲ့လမ်းကြောင်းအတိုင်း လျှောက်လှမ်းကြည့်ခဲ့တယ်၊ နောက်ဆုံးမှာ (၃၁)ဘုံ ထဲမှာ **ဘဝဂ္ဂ** လို့ခေါ်တဲ့ အမြင့်ဆုံးထိပ်ဖျားဘုံလို့ ခေါ်တဲ့ နေဝသညာနာသညာယတနဘုံ ရောက်သွား ပြီး နောက်တစ်နေ့ကျတော့ အောက်ပြန်ကျလာဦးမှာပဲ၊ အဲဒီတော့ ထွက်ပေါက်ရမသွားဘူးလို့ ဒီလိုဆိုတယ် နော်။

ဒီလောက်ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေတောင် ထွက် ပေါက် ရမသွားဘူး။ သံသရာဝဋ်ကြွေက ထွက်ပေါက်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးဆိုတဲ့ ဒီကျင့်စဉ်ကိုကျင့်မယ်ဆိုရင် သံသရာ ဝဋ်ကြွေကထွက်နိုင်တဲ့ ထွက်ပေါက်ကိုရမယ်လို့ မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ် ဟောထားတယ်။ အဲဒီ အတိုင်း ရှင်ကောဏ္ဍညကစပြီးတော့ မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေဟာ ပြီးပြည့်စုံတဲ့ ထွက်ပေါက်ကို ရရှိသွားကြတယ်။ ဒီကနေ့ထိအောင် မြတ်စွာဘုရား ညွှန်ကြားထားတဲ့ လမ်းကြောင်းကြီးဟာ ရှိနေတုန်းပဲ။

http://www.dhammadownload.com



ဘုန်းကြီးတို့တတွေ ဒီလမ်းကြောင်းက လျှောက်လှမ်းနေမယ်ဆိုရင်တော့ အနေးနဲ့အမြန် ရောက်သွားကြမှာပဲ။ ဒီဘဝ မရောက်လို့ရှိရင် ဒုတိယဘဝမှာ ရောက်နိုင်တယ်။ မြတ်စွာဘုရားကိုယ်တိုင်က သံယုတ်ပါဠိတော်မှာ ဟောထားတာရှိတယ်။ ချမှတ်ထားတဲ့ လမ်းစဉ်တစ်ခုကို ကျင့်ကြံကြိုးကုတ် အားထုတ်မယ် ဆိုလို့ရှိရင် ဒီဘဝမှာတင်ပဲ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမယ်နော်။

နေ့စဉ်နဲ့အမျှ ဝိပဿနာကျင့်စဉ်တစ်ခု ကျင့်ကြံကြိုးကုတ် အားထုတ်နေလို့ရှိရင် သေခါနီး နောက်ဆုံးအချိန်မှာ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်တယ်။ သေခါနီးအချိန်ဆိုတာ လူတွေဟာ အားလုံးကိုစွန့်လွှတ်ပြီး ကြိုးစားတဲ့ အချိန်ပဲ။ အဲဒီပုဂ္ဂိုလ်ဟာ သေခါနီးအချိန်မှာ ရသွားနိုင်တယ်။ အကယ်၍ သေခါနီးမှာမရဘူး ဆိုလို့ရှိရင် ဒုတိယဘဝမှာ ချမ်းသာသုခရှိတဲ့ နတ်ဘုံတစ်ဘုံ ရောက်လို့ရှိရင် ဒီလမ်းကြောင်းအတိုင်းပြန်လျှောက်လို့ နိဗ္ဗာန်ချမ်းသာကို ရနိုင်တယ်လို့ ဒီလို အကျိုးကျေးဇူးတွေကို မြတ်စွာဘုရားက ဟောပြောထားတာ။

http://www.dhammadownload.com



အဲဒီတော့ နိဗ္ဗာန်သွားတဲ့ လမ်းကြောင်းကိုလည်းပဲ မြတ်စွာဘုရားက **'ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ'** လို့ မဟာသတိပဋ္ဌာနသုတ်မှာ ဟောထားတာ။ ဒါက တစ်ကြောင်းတည်းသောလမ်းပဲ၊ ဟိုလမ်း ဒီလမ်းတွေ သွားစရာမရှိဘူး၊ တခြားလမ်းခွဲတွေ လမ်းမှားစရာ မရှိဘူး၊ "ဒီလမ်းကပဲလျှောက်" လို့ တိတိလင်းလင်း ညွှန်ကြားထားခဲ့တာ။ ဒါကြောင့် ဒီကနေ့ထိအောင် နိဗ္ဗာန်တံခါးကြီး ဖွင့်ထားပေးခဲ့တာရယ်၊ ထို နိဗ္ဗာန် တံခါးကြီးရောက်အောင်သွားနိုင်တဲ့ လမ်းကြောင်းကြီး ကို ချမှတ်ပေးထားခဲ့တာရယ်ဆိုတဲ့ ဒီကျေးဇူးတရားဟာ အင်မတန်ကြီးမြတ်လှတဲ့ ကျေးဇူးတရား။

မြတ်စွာဘုရား မပွင့်ခင်ကဆိုရင် ဒီလမ်းကို ဘယ်သူကမှ မပြနိုင်ဘူး၊ ဒီထွက်ပေါက်ကိုလည်း ဘယ်သူမှ မပေးနိုင်ဘူးတဲ့။ မြတ်စွာဘုရားတစ်ဆူပဲ ပေးခဲ့တယ်။ ဒါကြောင့်မို့ ဘုန်းကြီးတို့တတွေ သံသရာ ဝဋ်ဆင်းရဲက လွတ်ချင်သပဆိုရင် မြတ်စွာဘုရား ဟော ထားတဲ့အတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ကြမယ်။

http://www.dhammadownload.com



အဲဒီလိုအားထုတ်မယ်ဆိုရင် အကျိုးကျေးဇူးတွေရမှာပဲ၊ ဒါဟာ မြတ်စွာဘုရားရဲ့ ကျေးဇူးတရားတွေပဲပေါ့။ အဲဒီလို နိဗ္ဗာန်ရောက်မှ ဘုရားကိုကျေးဇူး တင်စရာ မဟုတ်သေးဘူး၊ သံသရာမှာကျင်လည်ရတဲ့ အချိန်မှာ လဲပဲ အဆင်ပြေပြေနဲ့ သံသရာထဲက ဒုက္ခတွေ သက်သာလို့ ချမ်းသာတစ်ခုကနေ ချမ်းသာတစ်ခုရယူလို့ သံသရာကို သက်သက်သာသာ ကျင်လည်ပြီးတော့ နောက်ဆုံး နိဗ္ဗာန်ထွက်ပေါက်ဆီ ရောက်ရှိသွားနိုင်တဲ့ လမ်းကြောင်းကိုလည်းပဲ မြတ်စွာဘုရား ချမှတ်ပေးထား တယ်။

အေး- အဲဒါကြောင့်မို့လို့ ဘုရားပေးတဲ့ လမ်းကြောင်းအတိုင်း လျှောက်ကြမယ်ဆိုလို့ရှိရင် ဘုန်းကြီးတို့တတွေ သံသရာထဲက မထွက်ရသေးစေကာမူ အနေးနဲ့အမြန်ထွက်တော့ ထွက်ရမယ်။ မထွက်ရသေးစေကာမူ သံသရာလည်တဲ့အခါမှာလည်းပဲ ချမ်းချမ်းသာသာ သံသရာလည်နိုင်အောင် မြတ်စွာဘုရားက ပေးထားတဲ့ နည်းလမ်းတွေလေ။ ဒါနကောင်းမှု လုပ်ရ

http://www.dhammadownload.com



မယ်၊ သီလဆောက်တည်ရမယ်၊ ဘာဝနာကမ္မဋ္ဌာန်း အားထုတ်ကြိုးပမ်းရမယ်၊ ဒါန၊ သီလ၊ ဘာဝနာစတဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်တရားတွေ၊ အပြစ်ကင်းတဲ့ တရားတွေ ဒါတွေကိုမြတ်စွာဘုရားက ဟောကြားဆုံးမပေးထားတာ၊ ဟောကြားတဲ့အတိုင်းမှန်ကန်တယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ ကျေးဇူးတရားဟာ အလွန်ကြီးမားလှပါတယ်လို့ ဒီလိုဆိုလိုတာပေါ့။

## ကျေးဇူးဆပ်သူ

ဒါဖြင့် မြတ်ဗုဒ္ဓရဲ့ကျေးဇူးကို ထူးထူးခြားခြား အထူးပေးဆပ်ခဲ့တဲ့ ပုဂ္ဂိုလ်က ဘယ်ပုဂ္ဂိုလ်လဲ၊ ဘုန်းကြီးတို့တတွေရော ပေးဆပ်နေကြတာဟုတ်ရဲ့လားဆိုတာ ကိုယ့်ကိုယ်ကို ဆန်းစစ်ဖို့ မြတ်စွာဘုရားရဲ့ကျေးဇူးကို ဆပ်တယ်ဆိုတာ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကျေးဇူးဆပ်တယ်လို့ မအောက်မေ့လေနဲ့။ မြတ်စွာဘုရားရဲ့ကျေးဇူးကို ခံစားပြီးတော့ နိဗ္ဗာန်ချမ်းသာကို ရရှိသွားတဲ့ပုဂ္ဂိုလ်တွေ အများကြီး၊ အဲဒီအများကြီးထဲက ဘုရား ကျေးဇူး

http://www.dhammadownload.com



ကို ဆပ်သွားတဲ့ပုဂ္ဂိုလ်ဆိုတာ အရေအတွက်အများကြီး မဟုတ်ဘူး။ ဒါကြောင့်မို့ မြတ်ဗုဒ္ဓရဲ့ ကျေးဇူးတရားကို အထူးပေးဆပ်ခဲ့သူကတော့ ဘုန်းကြီးတို့ သာသနာတော်မှာ ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန်တို့ ပြီးလို့ရှိရင် တတိယသာဝကလို့ ထင်ရှားတဲ့ ရှင်မဟာကဿပ မထေရ်မြတ်ကြီးဟာ ဘုရားကျေးဇူးကိုပေးဆပ်ခဲ့တယ်။ မြတ်ဗုဒ္ဓရဲ့ ကျေးဇူးကို အထူးပေးဆပ်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန် တို့ရဲ့နောက်မှာ တတိယသာဝကလို့ခေါ်တဲ့ ရှင်မဟာကဿပ မထေရ်မြတ်ကြီးပဲဖြစ်တယ်။ ထိုအရှင်မြတ်ကြီးက မြတ်စွာဘုရားရဲ့ ကျေးဇူးတရားတွေ ဘယ်ပုံပေးဆပ်ခဲ့တယ်ဆိုတာဟာ အင်မတန်မှ ကြည်ညိုစရာ ကောင်းတယ်၊ အတုယူအားကျသင့်တယ်၊ အားကျထိုက်တဲ့ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တယ်ပေါ့။

ရှင်မဟာကဿပရဲ့ အတ္ထုပ္ပတ္တိကို အားလုံးကြားဖူးကြလိမ့်မယ်၊ ဒီနေရာမှာ ရှင်မဟာကဿပရဲ့ အတ္ထုပ္ပတ္တိကို အကျဉ်းချုပ်ပြောရမယ်ဆိုလို့ရှိရင် သူက

http://www.dhammadownload.com



မဂဓတိုင်းက မဟာတိတ္ထ ဆိုတဲ့ရွာမှာ အင်မတန်မှ ချမ်းသာကြွယ်ဝတဲ့ ဗြာဟ္မဏလို့ခေါ်တဲ့ ပုဏ္ဏားတွေထဲက ဖြစ်တယ်။ အမျိုးအနွယ်က ကဿပဖြစ်ပြီး သူ့နာမည်ရင်းက **ပိပ္ပလိ** ဖြစ်တယ်၊ အင်မတန်မှ ချမ်းသာကြွယ်ဝပြီးတော့ များလှတဲ့ပစ္စည်းဥစ္စာတွေနဲ့ ချမ်းသာကြွယ်ဝတဲ့ အမျိုးသားတစ်ယောက်ဖြစ်တယ်။ သူက ဘဝမှာ အင်မတန်မှစင်ကြယ်တဲ့ပုဂ္ဂိုလ်တစ်ဦးပဲ၊ ဗြဟ္မာ့ပြည်ကနေပြီးတော့ လူဖြစ်လာတဲ့ပုဂ္ဂိုလ် ဖြစ်တဲ့အတွက်ကြောင့် ကာမဂုဏ်အာရုံစိတ် ကင်းတယ်၊ အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး၊ အရွယ်ရောက်လာတဲ့အခါ မိဘတွေပိုင်တဲ့ အမွေပစ္စည်းတွေက အများကြီးဆိုတော့ ဒီသားလေးကိုလွှဲချင်တယ်။ အဲဒါကြောင့် အိမ်ထောင်ပြုဖို့နားချတယ်ပေါ့။ နားချပါများတဲ့အခါကျတော့ မဖြစ်နိုင်တာတစ်ခုကို လုပ်ပြတယ်။ ဘဏ္ဍာတိုက်ထဲက ရွှေတွေထုတ်ပြီးတော့ ရွှေရုပ်တစ်ခု လုပ်ခိုင်းတယ်။ လုပ်ခိုင်းပြီးတော့ ဒီရွှေရုပ်လိုလှတဲ့ အမျိုးသမီးရှိမယ်ဆိုရင် အိမ်ထောင်ပြုမယ်ပေါ့၊ မဖြစ်

http://www.dhammadownload.com



နိုင်တာကို ခိုင်းလိုက်တာပဲ။ သို့သော် ဘုန်းကံပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေအတွက် မဖြစ်နိုင်တာတွေက ဖြစ်လာတတ်တယ်။ အေး- မာဂဓတိုင်း၊ သာဂလမြို့က ဒီလိုပဲ သူနဲ့ အမျိုးချင်းတူတဲ့ ကပိလဆိုတဲ့ မျိုးရိုးကလာတဲ့ သူဌေးသမီး၊ ပြဟ္မဏ သူဌေးသမီးတစ်ဦးက အင်မတန်မှ လှတယ်၊ သူထုလုပ်ပေးထားတဲ့ ရွှေရုပ်နဲ့ အတော်တူအောင် ချောမောလှပတယ်ပေါ့လေ။

အဲဒါကို အိမ်ထောင်မပြုချင်လို့ ရွှေရုပ်ထုပြီးတော့ ဒီရွှေရုပ်လိုလှတဲ့သူတွေ့ရင်တော့ အိမ်ထောင်ပြုမယ်လို့ဆိုတဲ့အတိုင်းပဲ မိဘတွေက လိုက်ရှာတော့ အဲဒီမာဂဓတိုင်း၊ သာဂလမြို့မှာနေပြီးတော့ ကပိလမျိုးရိုးကနေ ဘဒ္ဒါဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့တော့ နောက်ဆုံးမှာ သဘောမတူဘဲနဲ့၊ နှစ်ဦးလုံးက ဆန္ဒမရှိဘဲနဲ့ မတော်တဆ အိမ်ထောင်ကျတယ်ပေါ့။ ဘယ်လိုပဲအိမ်ထောင်ကျကျ သူတို့နှစ်ဦးစလုံးက ပြဟ္မာ့ပြည်က လာတာဆိုတော့ မောင်နှမလိုပဲ နေတယ်ဆိုတာ အားလုံးကြားဖူးကြတယ်။ တိတ်တိတ်ပုန်း

http://www.dhammadownload.com



စာတွေရေးကြပေမယ့်လို့ နောက်ဆုံးမှာ သူတို့ရဲ့ အိမ်ထောင်ဖက်မှုကို လိုလားတဲ့ ပုဂ္ဂိုလ်တွေရဲ့ လက်ချက်နဲ့ မတော်တဆ အိမ်ထောင်ကျသွားကြ တယ်ပေါ့။

အဲဒီလို အိမ်ထောင်ကျပေမယ့်လို့ သူတို့ဟာ တကယ့်ကိုစင်စင်ကြယ်ကြယ်နေကြပြီး နောက်ဆုံး မိဘ နှစ်ပါး မျက်ကွယ်ပြုသွားတဲ့အခါမှာ ရှိသမျှစည်းစိမ်ဥစ္စာ တွေ စီမံအုပ်ချုပ်ပြီး သူတို့ရဲ့ နောက်လိုက်နောက်ပါ တွေကလည်း အလွန်များတယ်ပေါ့၊ သူတို့ရဲ့ လယ်ယာ ကိုင်းမြေလုပ်ပေးတဲ့ပုဂ္ဂိုလ်တွေ၊ သူတို့ပိုင်ဆိုင်တဲ့ နေရာ တွေက အင်မတန်များပြီးတော့ အလုပ်လုပ်တဲ့ ရွာကြီး တွေကိုက ရွာကြီးပေါင်းတစ်ဆယ့်နဲ့လေးရွာရှိသတဲ့။ အဲဒါနဲ့ တစ်နေ့ကျတော့ ဒီပိပ္ပလိလုလင်ဟာ လယ်ယာ မှာ သွားရောက်စစ်ဆေးကြည့်ရှုရင်း ကျီးကန်းတွေက ပိုးကောင်တွေကို လယ်ထွန်တဲ့နေရာမှာ လယ်စာခဲမှာ ပေါ်လာတဲ့ တီကောင်တွေကို စားသောက်နေတာ မြင်တော့ ဒီအကုသိုလ်တွေ ဘယ်သူခံရမှာတုန်း

http://www.dhammadownload.com



ဆိုတော့ လုပ်တဲ့လူတွေက ပြောတယ်၊ ဒါ ပိုင်ရှင်ပဲ ခံရမှာဆိုတော့ သူ သိပ်လန့်သွားတယ်ပေါ့နော်။ အင်မတန်မှ လန့်သွားတယ်ပေါ့၊ တစ်ခါ ဘဒ္ဒါဟာလည်း နှမ်းတွေလှမ်းထားတဲ့နေရာကနေပြီးတော့ နှမ်းထဲမှာ ပါတဲ့ပိုးတွေကို အကောင်ဗလောင်တွေက စားကြ ပြုကြတဲ့အခါမှာ ဒီအကုသိုလ်က ဘယ်သူ့ဆီလာမှာတုန်း ဆိုတော့ ပိုင်ရှင်ဆီပဲလာမှာဆိုတော့ သူလည်း သိပ်လန့်သွားတယ်။

ဒါကြောင့်မို့ နှစ်ဦးစလုံးဟာ တိုင်ပင်ထားတာ မဟုတ်ပေမယ့်လို့ ဒီပစ္စည်းတွေ ကျန်တစ်ဦးအပေါ်မှာ အပ်နှံပြီးတော့ လူ့ဘောင်ကနေထွက်ခွာကြဖို့ စီမံကြတယ်။ ညနေဆုံတဲ့အခါကျတော့ ပိပ္ပလိလုလင်က စပြီးတော့ ပြောတယ်။ ရှိသမျှပစ္စည်းတွေအားလုံး လွှဲအပ်တယ်၊ သူကတော့ လူ့လောကကနေ ထွက်ခွာပြီးတော့ တရားရှာတဲ့ ပုဂ္ဂိုလ်သူတော်စင်ဘဝ ပြောင်းတော့မယ်ဆိုတော့ ဘဒ္ဒါကလည်း သူလည်း အဲဒီလိုစိတ်ကူးတဲ့ အကြောင်း၊ အဲဒီတော့ နှစ်ဦးစလုံးဟာ ဒီပစ္စည်းတွေကို

http://www.dhammadownload.com



လုံးဝငုံ့ညှာခြင်းမပြုဘဲနဲ့ သူ့ခေါင်းကိုယ်ရိုက်၊ ကိုယ့်ခေါင်း သူရိုက်ပေါ့။ သူ့ဆံပင်ကိုယ်ဖြတ်၊ ကိုယ့်ဆံပင်သူဖြတ် ပြီးတော့ သူတို့နှစ်ဦးဟာ ဖန်ရည်စွန်းတဲ့ အဝတ်တွေ ဝတ်လို့ ထိုခေတ်က ရဟန်း သူတော်စင်တွေရဲ့ အဝတ် တွေကိုဝတ်ပြီးတော့ သပိတ်လွယ်ပြီး အိမ်ကဆင်းသွား ကြတာ ဘယ်သူကမှ သတိမထားမိလိုက်ဘူး။

နောက်ဆုံး လမ်းမှာ ရွာတွေ ဖြတ်သန်းသွားလာ တဲ့အခါ သူတို့ပိုင်ဆိုင်တဲ့ ရွာကလူတွေက မှတ်မိကြ တယ်။ မှတ်မိတဲ့အခါ ငိုယိုတောင်းပန်ပေမယ့်လို့ သူတို့ နောက်ကြောင်းပြန်မလှည့်ကြတော့ဘူး။မဂဓတိုင်းက ထွက်ခွာလာလိုက်ကြတာ သူတို့သွားနေတဲ့ခရီးက ရာဇဂြိုဟ်နဲ့ နာလန္ဒဆိုတဲ့ကြားမှာ ခရီးသွားနေကြတာ၊ မြတ်စွာဘုရားကို ရည်စူးပြီးတော့ သင်္ကန်းဝတ်တာ၊ အဲဒီလိုသူတို့ သင်္ကန်းဝတ်ပြီးတော့ ထွက်လာကြတာ။ ထွက်လာကြတော့ လမ်းခုလပ်ရောက်တဲ့အခါကျတော့ ပိပ္ပလိကပြောတယ်၊ တို့နှစ်ယောက် အတူတူသွားလို့ မတော်ဘူးပေါ့။ လူတကာ အထင်လွဲလိမ့်မယ်။ အဲဒါ

http://www.dhammadownload.com



ကြောင့်မို့လို့ မင်းက တစ်လမ်းသွား၊ ငါက တစ်လမ်းသွားမယ်ဆိုပြီး လမ်းဆုံလေးမှာရပ်ပြီးတော့ပြောတယ်။ အဲဒီလိုပြောတော့ ဘဒ္ဒါက လက်ဝဲလမ်းကိုယူပြီးတော့ ပိပ္ပလိက လက်ယာလမ်းကနေသွားလိုက်တာ နောက်ဆုံးမှာ အဲဒီ နာလန္ဒနဲ့ ရာဇဂြိုဟ်ကြားမှာ ဗဟုပုတ္တက ဆိုတဲ့ညောင်ပင်ကြီး၊ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီး ရှိတယ်၊ အဲဒီ ညောင်ပင်ကြီးကို ခပ်လှမ်းလှမ်းက မြင်လိုက်တဲ့အခါမှာ ညောင်ပင်ကြီးအောက်ကနေ ရွှေရောင်တွေဝင်းဝါပြီး တောက်ပနေတာကို သူတွေ့သွားတယ်၊ အဲဒီလိုတွေ့လို့ ညောင်ပင်ကြီးအနီးလည်း ရောက်ရော ညောင်ပင်အောက်မှာ မြတ်စွာဘုရား သီတင်းသုံးနေတာကို ဖူးတွေ့လိုက်တာနဲ့ သူ့စိတ်ထဲမှာ တခါတည်း ဆုံးဖြတ်လိုက်တယ်။

ဘုရားထံချဉ်းကပ်ပြီးတော့ ဘုရားမှန်း သူ ဘယ်တုန်းကမှလည်း မြင်ဖူးတာမဟုတ်ဘူး၊ မမြင်ဖူးပေမယ့်လို့ ဒီပုဂ္ဂိုလ်ကို ရည်စူးပြီးတော့ ငါရဟန်းပြုတာပဲလို့ စိတ်ထဲမှာဆုံးဖြတ်ပြီးတော့ စကားသုံးခွန်းကို သူက

http://www.dhammadownload.com



လျှောက်ထားတယ်လေ၊ လောကမှာ ဆရာတင်ရမယ် ဆိုလို့ရှိရင်လည်း ဘုရားရှင်ကိုပဲ ဆရာတင်ပါတော့ မယ်နော်၊ **“ဆတ္ထာရစ္စ ဝဟံပဿေယံ ဘဂဝန္တံမေဝ ပဿေယံ”** သူလျှောက်ထားတဲ့စကားလေးက “လောက မှာ ဆရာအဖြစ် သတ်မှတ်ကိုးကွယ်ရမယ်ဆိုရင် အရှင် ဘုရားကိုပဲ သတ်မှတ်ကိုးကွယ်ပါ့မယ်၊ တရားဓမ္မ ကျင့်ကြံကြိုးကုတ် အောင်မြင်တဲ့ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ ရှုမြင်ရမယ်ဆိုရင်လည်း အရှင်ဘုရားကိုပဲ ရှုမြင်ပါ့မယ်၊ အမှန်တရားကိုသိတဲ့ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုရမယ် ဆိုလည်း အရှင်ဘုရားကိုပဲ တပည့်တော်ယုံကြည်ပါ တယ်၊ အသိအမှတ်ပြုပါတယ်”လို့ ဒီစကားသုံးခွန်းကို ဘုရားကိုတွေ့တွေ့ချင်း သူက လျှောက်တာ၊ ဘုရား အပေါ်မှာ မြင်လိုက်တာနဲ့ပဲ ဒီပုဂ္ဂိုလ်ဟာ ငါရည်စူးပြီး ဝတ်လာတဲ့ဘုရား၊ တရားထူးတရားမြတ် သိတဲ့ပုဂ္ဂိုလ် ပဲလို့ စိတ်ထဲမှာ အဲဒီလိုယူပြီး ဆုံးဖြတ်ပြီးတော့ မြတ်စွာ ဘုရားကို တပည့်ခံလိုက်တာပေါ့နော်။

http://www.dhammadownload.com



မြတ်စွာဘုရားထံမှာတပည့်ခံတာ၊ အဲဒီ တပည့်ခံလိုက်တဲ့အချိန်မှာ မြတ်စွာဘုရားက ဩဝါဒ သုံးခုပေးတယ်။ အဲဒီဩဝါဒသုံးခုဟာ သူ့အဖို့မှာ ရဟန်းအဖြစ် ခွင့်ပြုလိုက်တဲ့ ဩဝါဒသုံးခုပဲ၊ အဲဒီ ဩဝါဒသုံးခုက ဘာလဲဆိုလို့ရှိရင် သာသနာမှာဝင်လာတယ်ဆိုလို့ရှိရင် သာသနာမှာ ကိုယ့်ထက်ကြီးတဲ့ပုဂ္ဂိုလ် ဆိုတာရှိတယ်၊ ကိုယ့်ထက်ငယ်တဲ့ပုဂ္ဂိုလ်ဆိုတာရှိတယ်၊ ကိုယ်နဲ့ရွယ်တူဆိုတာရှိတယ်၊ လူ့အသိုင်းအဝိုင်းထဲမှာနေလို့ရှိရင်လည်း ကိုယ့်ထက်ကြီးတဲ့လူရှိတယ်၊ ကိုယ့်ထက် ငယ်တဲ့လူရှိတယ်၊ ကိုယ်နဲ့ရွယ်တူဆိုတာရှိတယ်။

အဲဒီလိုပုဂ္ဂိုလ်မျိုးနဲ့ ပတ်သက်လာလို့ရှိရင် မြတ်စွာဘုရားက နံပါတ်တစ် သူ့ကိုဩဝါဒပေးတာ၊ ထက်သန်တဲ့ ဟိရိဩတ္တပ္ပထားပါတဲ့၊ ဒါ နံပါတ်တစ်က အရှက်အကြောက်၊ ဒါ လောကလူတွေလည်းပဲ အင်မတန်သိထားစရာကောင်းတယ်၊ ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်ပေါ်မှာ လေးစားတဲ့သဘောပဲ၊ **ဟိရိ** ဆိုတာ ကိုယ့်သိက္ခာကိုယ် လေးစားတာ၊ **ဩတ္တပ္ပ** ဆိုတာ ကိုယ့်

http://www.dhammadownload.com



ပတ်ဝန်းကျင်ကိုလေးစားတာ၊ အေး-ဒီကနေ့ခေတ်မှာတော့ ဘယ်သူ့ကိုဂရုစိုက်ရမှာလဲ၊ ကိုယ့်ထမင်းကိုယ်စားတာပဲဆိုတဲ့လူက များတယ်လေ။ အဲဒါ ဘာကိုဖော်ပြတုန်းဆိုတော့ ဟိရီဩတ္တပ္ပဆိုတာ မရှိတော့တဲ့သဘောကို ပြောတာ၊ ဒါ ဟို ရှင်မဟာကဿပဆိုတာလည်း လူ့ဘဝတုန်းက အင်မတန်ချမ်းသာတဲ့ ပုဂ္ဂိုလ်ကြီးဆိုရင် မာန်မာနတက်မယ်ဆိုရင် သူ တက်စရာချည်းပဲပေါ့။ ဒါကြောင့်မို့မြတ်စွာဘုရားက ဒီစကားကိုအရင်မိန့်တာ **"တိဗ္ဗံ ဟိရိဩတ္တပ္ပံ ပစ္စုပဋ္ဌိတံ မေ ဘဝိဿတိ ထေရေသု နဝေသု မဇ္ဈိမေသု" ထေရ** ဆိုတာ ကိုယ့်ထက်ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ **နဝ** ဆိုတာ ကိုယ့်ထက်ငယ်တဲ့ ပုဂ္ဂိုလ်တွေ၊ **မဇ္ဈိမ** ဆိုတာ ကိုယ်နဲ့ရွယ်တူပုဂ္ဂိုလ်တွေ၊ ရဟန်း သံဃာတွေထဲမှာလည်းပဲ ကိုယ့်ထက်ကြီးတဲ့ပုဂ္ဂိုလ်ရှိတယ်နော်၊ သို့မဟုတ် **ထေရ** အဆင့်ရှိတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်၊ ဝါငယ်သေးတဲ့ **နဝ** အဆင့်ရှိတဲ့ပုဂ္ဂိုလ်ရှိတယ်၊ ကိုယ်နဲ့ရွယ်တူတန်းတူ **မဇ္ဈိမ**အဆင့်ရှိတဲ့ ပုဂ္ဂိုလ်ရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေအပေါ်မှာ တကယ့်ကို ထက်သန်တဲ့ ဟိရီဩတ္တပ္ပ

http://www.dhammadownload.com



ထားပါလို့ဆိုတာ အရှက်အကြောက် ရှိပါစေ၊ ဟိရီနဲ့ ဩတ္တပ္ပ ရှိပါစေ၊ ဘယ်သူ့ဂရုစိုက်ရမှာလဲဆိုတဲ့ မာန်မာနတရားတွေမထားရဘူးလို့ ဆုံးမဩဝါဒပေးတယ်။

လောကမှာလူတွေကနော် ကိုယ့်ထမင်း ကိုယ်စားနေတာ ဘယ်သူ့မှဂရုမစိုက်ဘူးဆိုတဲ့အသုံးက တော်တော်လေး သုံးကြတယ်၊ အဲဒီတော့ အဲဒီလိုမဟုတ်ဘူး၊ ဟိရီဆိုတာ ကိုယ့်သိက္ခာကို ကိုယ်လေးစားပြီး မကောင်းတာဆိုမလုပ်ဘူး ကိုယ့်ကိုယ်ကိုတန်ဖိုးထားတာ၊ ဩတ္တပ္ပဆိုတာ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို တန်ဖိုးထားတယ်၊ လေးစားတယ်၊ မဟုတ်တာမလုပ်ဘူး၊ အကုသိုလ်ကရှောင်တယ်။ ဟိရီဩတ္တပ္ပနှစ်ခုစလုံးဟာ မလုပ်သင့်တာကို မလုပ်ဖို့အတွက် အင်မတန်မှအရေးကြီးတဲ့ သဘာဝတရားနှစ်ခုဖြစ်တယ်။ ဒါကြောင့်မို့ သာသနာ့ဘောင်ဝင်လာပြီ ဆိုလို့ရှိရင် ဟိရီဩတ္တပ္ပ နှစ်ခုကို ခိုင်ခိုင်မာမာတည်ဆောက်ပါလို့ ဒါနံပါတ်တစ်ဩဝါဒပဲ။ ရှင်မဟာကဿပကို ဒီအတိုင်းကျင့်ပါလို့ ဒီ ပိပ္ပလိ ဘဝကနေဝင်ရောက်လာတဲ့ ရှင်မဟာကဿပအလောင်းကို

http://www.dhammadownload.com



မြတ်စွာဘုရားက ညောင်ပင်ကြီးအောက်မှာ ဒီလိုဆုံးမ တာ။ ဟော- နောက် ဒုတိယဆုံးမချက်ကတော့ဘာလဲ ဆိုလို့ရှိရင် အပြစ်ကင်းတဲ့ တရားဓမ္မတွေနဲ့ပတ်သက်ပြီး တော့ ဟောပြောဆုံးမမယ် ဆိုလို့ရှိရင်တဲ့ စိတ်ပါ လက်ပါ လိုလိုလားလား နားထောင်ပါတဲ့။ တရားနာတဲ့ အခါမှာ အမှတ်တမဲ့မနာနဲ့လို့ ဆိုလိုတယ်၊ တကယ် စစ်မှန်တဲ့ တရားဓမ္မတွေကို ဟောပြောနေပြီ ဆိုလို့ရှိရင် စိတ်အားကုန်စိုက်ပြီးတော့ လေးလေးနက်နက် တရား ဓမ္မကို မှတ်မိအောင် ကြိုးစားပြီးတော့နာပါ၊ ဒါက ဒုတိယလိုက်နာရမယ့်ဩဝါဒတရား။ တတိယ လိုက်နာ ရမယ့် ဩဝါဒတရားက ဘာတုန်းဆိုလို့ရှိရင် ကာယ- ဂတာသတိနဲ့ ပတ်သက်ပြီးတော့ ဆိုလိုတာက ကိုယ့် ခန္ဓာကိုယ်ပေါ်မှာ အမြဲတမ်းသတိကပ်ပါစေ။ ကာယ- ဂတာသတိဆိုတာ အာနာပါနလည်း ကာယဂတာသတိ ပဲ၊ အခြားခန္ဓာကိုယ်နဲ့ပတ်သက်ပြီးတော့ ဖြစ်ပေါ်လာ တဲ့ ကာယာနုပဿနာတို့လည်း ကာယဂတာသတိပဲ ပေါ့။ ဆိုလိုတာက ကိုယ်နဲ့စိတ်နဲ့ကွာမနေဘဲနဲ့ မိမိ

http://www.dhammadownload.com



ခန္ဓာကိုယ်ပေါ်မှာ မိမိရဲ့ ကာယပေါ်မှာ သို့မဟုတ် ကိုယ်နဲ့ပတ်သက်နေတဲ့ သဘာဝတရားတွေအပေါ်မှာ သတိအမြဲတန်း ရှိနေပါစေ။

သတိပဋ္ဌာန်တရား အားထုတ်ဖို့ ပြောတာပဲ၊ အကျဉ်းချုပ်လိုက်မယ်ဆိုလို့ရှိရင် အဲဒီတော့လောကမှာ ဒီနိဗ္ဗာန်ခရီးကို သွားချင်တယ် ဆိုလို့ရှိရင် ကိုယ့်သန္တာန်မှာပဲ အားလုံးပြောကြရတယ်လေ။ နိဗ္ဗာန်ဆိုတာ တရားရှာ ကိုယ်မှာတွေ့ လို့ဆိုတဲ့အတိုင်း ကိုယ့်သန္တာန်မှာပဲ ကိုယ့်ဉာဏ်စိုက်ပြီးတော့ ကိုယ့်သန္တာန်မှာရှိတဲ့ တရားကိုပဲရှုကြရတယ်။ အဲဒီတော့ နိဗ္ဗာန်သွားတဲ့ လမ်းကြောင်းဆိုတာလည်းပဲ ကိုယ့်သန္တာန်မှာပဲရှာပြီး တော့ ရှုပြီး လျှောက်လှမ်းကြတာပဲ။ ထွက်ပေါက်ဆိုတာ လည်းပဲ ကိုယ့်သန္တာန်မှာပဲ ရှိတာပဲ။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားကတတိယအဆုံးအမအနေနဲ့ ကိုယ်ကျင့် တရား ကျင့်ကြံကြိုးကုတ်အားထုတ်ဖို့ ဝိပဿနာလုပ်ငန်း စဉ်ကို ဟောတဲ့အနေနဲ့ **သာတသဟဂတာ မေကာယ–ဂတာ** သတိပေါ့ **ဘဝိဿတိ ကာယဂတာသတိ** နဲ့

http://www.dhammadownload.com



ပတ်သက်ပြီးတော့ အမြဲတမ်း ခန္ဓာကိုယ်ပေါ်မှာ သတိရှိပါစေ။

သတိရှိတယ်ဆိုရင် ဉာဏ်ဟာလည်း ဖြစ်ပေါ်ပြီး တော့လာတယ်။ ဘာဖြစ်လို့တုန်းဆိုရင် ဉာဏ်ဆိုတာ သတိမပါဘဲ ဘယ်တော့မှမဖြစ်ဘူးတဲ့ **"နဟိသတိ-ဝေဒဟိတာ ပညာနာမအတ္ထိ"** တဲ့။ သတိမပါရင် ပညာ မဖြစ်ဘူး၊ ဒါကြောင့်မို့လို့ သတိထားဖို့ မြတ်စွာဘုရားက ကာယဂတာသတိကို ကြိုးစားအားထုတ်ဖို့လို့ဆိုပြီး တော့ အခုလို ဆုံးမသြဝါဒသုံးမျိုးပေးလိုက်တာ။ အဲဒီ ဆုံးမသြဝါဒသုံးမျိုးကို နာယူခြင်း လက်ခံလိုက်တာနဲ့ပဲ ဒီရှင်မဟာကဿပကို ရဟန်းပြုပေးလိုက်တာ။ ဒါကြောင့် မို့ **သြဝါဒ ပဋိဂ္ဂဟာအနုပသမ္ပဒါ** လို့ခေါ်တယ်။ ဒီကနေ့ ခေတ် ရဟန်းခံပေးတဲ့နည်းနဲ့ ရဟန်းခံတာမဟုတ်ဘူး။ အရှင်မဟာကဿပကြီးဟာ သူ့ဟာသူ သင်္ကန်းဝတ် လာတယ်နော်၊ ဖန်ရည်စွန်းတဲ့အဝတ်ကိုဝတ်လာတယ်၊ သပိတ်လွယ်လာတယ်၊ မြတ်စွာဘုရားဆီကို ရောက်တဲ့ အခါမှာ မြတ်စွာဘုရားက ဒီအဆုံးအမ သြဝါဒတရား

http://www.dhammadownload.com



ကို ပေးလိုက်တဲ့အခါမှာ သူခိုင်ခိုင်မာမာကြီး ဒီကျင့်စဉ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်တယ်၊ အားလုံးပြည့်ပြည့်ဝဝ အဲဒီအချိန်ကနေစပြီးတော့ မြတ်စွာဘုရားရဲ့ အဆုံးအမကို သူ မြေဝယ်မကျလက်ခံကျင့်သုံးလာခဲ့တာ၊ သာသနာထဲဝင်လို့ (၈)ရက်မြောက် ရောက်တဲ့ အခါကျတော့ ရဟန္တာဖြစ်သွားတယ်၊ ပုထုဇဉ်ဘဝနဲ့ (၈)ရက်ပဲကြာတယ်ပေါ့။

ဘုရားကိုယ်တိုင်က ဗဟုပုတ္တကဆိုတဲ့ ညောင်ပင်မှာ သွားပြီးတော့ သူ့ကိုကြိုဆိုခဲ့တာ။ အဲဒီ ဆုံးမဩဝါဒပေးပြီးတော့ မြတ်စွာဘုရားက ခရီးစထွက်တော့ သူလည်းနောက်ကလိုက်ခဲ့တာ၊ လမ်းကျတော့ မြတ်စွာဘုရားက လမ်းလျှောက်ပြန်လာရင်းကနေပြီးတော့ သစ်ပင်တစ်ပင်အောက်မှာ ခေတ္တနားဖို့ရာ ထိုင်ဖို့ အခြင်းအရာပြတဲ့အခါမှာ သူ့ပခုံးပေါ်မှာ ပါလာတဲ့ အင်မတန်မှ တန်ဖိုးရှိတဲ့ ဒီ နှစ်ထပ်အဝတ်ကြီးကို မြတ်စွာဘုရားထိုင်ဖို့ သူကခင်းပေးတယ်။ ခင်းပေးတဲ့ အခါမှာ မြတ်စွာဘုရားက သူခင်းပေးတဲ့ သူ့ပခုံးပေါ်က

http://www.dhammadownload.com



ပါလာတဲ့ ဒုကုဋ်သင်္ကန်းပေါ့လေ၊ နှစ်ထပ်သင်္ကန်းကြီး ပေါ်မှာ မြတ်စွာဘုရားကထိုင်ရင်း လက်တော်နဲ့ ပွတ်ပြီးတဲ့အခါမှာ "ကဿပ၊ သင့်ရဲ့အဝတ်က တယ်ပြီး ကောင်းပါလား၊ ချောညက်လှပါလား" သူက သူ့ဒွေးကြီး ဆိုတော့ အင်မတန်မှ တန်ဖိုးရှိတဲ့အဝတ် သူဝတ်နိုင်မှာ ပေါ့နော်၊ သူ့အဝတ်လေးကို မြတ်စွာဘုရားက ချီးမွမ်း တာကို ဘုရားကလိုချင်လို့မဟုတ်ဘူး။ ဘုရားပခုံးပေါ် မှာ ပါလာတဲ့ ပိုက်ဆံလျှော်နဲ့ ယက်ထားတဲ့အဝတ်ကြီး၊ ပိုက်ဆံလျှော်နဲ့ယက်ထားတာက ညံ့ရုံတင်မကဘူး၊ အဲဒီအဝတ်က ဘယ်ကရလဲဆိုတော့ ကျွန်မတစ်ဦး သေလို့ ခန္ဓာကိုယ်ကို ရစ်ပတ်ပြီးတော့ အလောင်းကို ရစ်ပတ်ပြီးတော့ ပစ်ထားတဲ့အဝတ်။ အဲဒီအဝတ်ကနေ ကောက်ယူဖွတ်လျှော်ပြီးတော့ ချုပ်ထားတဲ့အဝတ်ကြီး။ အဲဒီတော့ ပိုက်ဆံလျှော်အဝတ်ဆိုတော့ အင်မတန်မှ တန်ဖိုးလဲနည်းတယ်။ သုသာန်ကနေ ကောက်ထားတဲ့ အဝတ်လည်းဖြစ်တော့ အင်မတန်မှညံ့တယ်။

http://www.dhammadownload.com



အဲဒါကို မြတ်စွာဘုရားက ပခုံးပေါ်တင်လာတာ၊ အဲဒီမှာ မြတ်စွာဘုရားက ရှင်မဟာကဿပရဲ့ အင်မတန်ကောင်းတဲ့ အဝတ်ကြီးပေါ်မှာ ထိုင်ရင်း ကနေပြီးတော့ တယ်နူးညံ့ပါလားလို့ဆိုတော့ ရှင်မဟာ ကဿပက "အရှင်ဘုရား၊ အဲဒီအဝတ်ကို အရှင်ဘုရား ကို လှူပါတယ်" ဆိုတော့ မြတ်စွာဘုရားက "ဒီအဝတ် ကို ငါ့လှူလို့ရှိရင် ငါ့ပခုံးပေါ်က သုံးပြီးသားဖြစ်တဲ့ ဒီအဝတ်ကိုယူနိုင်မလား" လို့ မေးတဲ့အခါမှာ တပည့် တော် အသက်ထက်ဆုံး ဝတ်ပါ့မယ်ဘုရားလို့။ ဟော- အဝတ်လဲပြီးတော့ဝတ်တဲ့သဘောပေါ့နော်။ အဲဒီလဲပြီး တော့ဝတ်တာ၊ဒီလိုချီးမြှောက်တာဟာ ရှင်သာရိပုတ္တရာ တို့လည်း ဒီအခွင့်အရေးမရဘူး၊ ဒီ ရှင်မဟာကဿပ တစ်ပါးပဲ ဒီအခွင့်အရေးရတာ၊ အဲဒီတော့ ဒီအဝတ်ကို မြတ်စွာဘုရားဆီက ပခုံးပေါ်က ပိုက်ဆံလျှော်အဝတ်ကို ရှင်မဟာကဿပက သုံးပြီးတော့ သူ့မှာပါလာတဲ့ အင်မတန်ကောင်းတဲ့ အစနဲ့ချုပ်ထားတဲ့ အဝတ်ကို မြတ်စွာဘုရားကိုလှူတယ်ပေါ့။ အဲဒီနေရာမှာ သက်နိုး

http://www.dhammadownload.com



လဲလှယ်ပြီးတော့ဝတ်ခဲ့တယ်။ ဒီကြားထဲမှာ မြတ်စွာဘုရားက ရှင်မဟာကဿပနဲ့ပတ်သက်ပြီးတော့ ထိုထိုသုတ္တန်တွေ ဟောပြောထားတာရှိသေးတယ်။

ရှင်မဟာကဿပကို ဦးစားပေးပြီးတော့ ကဿပကိုစံနမူနာထားပြီးတော့ ရဟန်းတွေ ရှင်မဟာကဿပလို ကျင့်ကြပြီးတော့ ရှင်မဟာကဿပကြီးကို ဟောထားတာဆိုရင် ဒကာဒကာမတွေအိမ်ကို သွားတဲ့အခါမှာ 'လ'လို ကျင့်ရမယ်တဲ့၊ **"စန္ဒူပမာ ပဋိပဒါ"** 'လ' လိုကျင့်တယ်လို့ဆိုတာ ကိုယ်လဲခွာ စိတ်လဲခွာ အမြဲတမ်းအာဂန္တုစိတ်မွေးရမယ်။ ဒကာဒကာမတွေနဲ့ ဆက်ဆံတဲ့အခါမှာ 'လ'လိုကျင့်တယ်ဆိုတာ ဘယ်လိုအကျင့်လည်းဆိုလို့ရှိရင် 'လ' ဟာ ကောင်းကင်ခရီးသွားတဲ့အခါမှာဘယ်အရာကိုမှ ငြိတွယ်ခြင်းမရှိဘဲနဲ့ သူ့လမ်းကြောင်းကို သူဖြောင့်ဖြောင့်တန်းတန်းသွားတယ်။ လောကကြီးက သူ့ကို အင်မတန်မှ ချစ်ခင်ကြတယ်။ သူက 'လ' ဆိုတော့ ဘယ်သူ့အပေါ်မှ ပိုပြီးတော့ အလင်းရောင်ပိုပေးတာလည်း မရှိဘူး။ သံယောဇဉ်လည်း မရှိဘူး။

http://www.dhammadownload.com



သူ့လမ်းသူသွားတယ်။

အဲဒါလိုပဲတဲ့ ရဟန်းတွေဟာ ဒကာဒကာမတွေဆီသွားတဲ့အခါမှာ စိတ်လည်းခွာထားရမယ်၊ ကိုယ်လည်းခွာထားရမယ်။ 'လ' ဥပမာအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ရမယ်။ ရှင်မဟာကဿပဟာ 'လ' လိုပဲကျင့်တယ်ပေါ့။ အမြဲတမ်းရင်းနှီးတဲ့ ဒကာဒကာမဆိုတာမရှိသလို 'လ' လိုကျင့်သုံးတဲ့အတွက်ကြောင့် ကုသိုလ်ကောင်းမှုလိုချင်တဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီကုသိုလ်ကောင်းမှုလိုချင်တဲ့ပုဂ္ဂိုလ်တွေထံ ဆွမ်းရပ်ပြီးတော့ ကိုယ်ကျင့်ရမယ့်တရားကိုသာ ကျင့်ပြီးတော့ ဒီလိုနေခဲ့တာ၊ ဘယ်ပေါ်မှ သံယောဇဉ်ဆိုတာ မထားဘူး။ ရဟန်းဆိုတာ ဒီလိုကျင့်ရမယ်လို့ စန္ဒူပမသုတ်မှာ ရှင်မဟာကဿပမထေရ်မြတ်ကိုစံထားပြီးတော့ မြတ်စွာဘုရားက ဒီလိုဟောကြားထားတာ၊ တစ်ခြား သုတ္တန်တွေမှာလည်း ရှင်မဟာကဿပကို စံထားပြီးတော့ ဟောခဲ့တာ။ မြတ်စွာဘုရားက တကယ့်ကို ကိုယ်တော်တိုင်ဖွတ်ပြီးတော့ ချုပ်ထားတဲ့ ပံ့သကူသင်္ကန်းကြီးကို

http://www.dhammadownload.com



ရှင်မဟာကဿပကိုပေးလိုက်တာဟာ အင်မတန်မှ အဓိပ္ပါယ်ရှိတယ်။ ရှင်မဟာကဿပကို ဓုတင် ဆောင်ခိုင်းတာပဲ၊ တကယ့်သူဌေးကြီးမှ တကယ့် ခြိုးခြိုး ခြံခြံနေရတဲ့အဆင့်ကို ရောက်သွားတယ်။ သင်္ကန်း ဆိုလည်း ပံ့သကူပဲဝတ်ရတယ်၊ ဓုတင်ဆိုတာ **ပံသုကူ လိကင် ဓုတင်**။ နေတာကလည်း တောကျောင်းပဲနေရ တယ် **အရညကင်ဓုတင်**။ ဆွမ်းစားလို့ရှိရင်လည်း ဆွမ်းခံလို့ရတဲ့ ဆွမ်းပဲစားတယ်၊ ဒကာ ဒကာမတွေ အိမ်က ပင့်တဲ့ဆွမ်း မစားဘူး **ပိဏ္ဍပါတိကဓုတင်**။ အိမ်ဆွမ်းခံတဲ့အခါမှာလည်းပဲ သူဌေးအိမ်တွေရွေးပြီး တော့ မသွားဘူးနော်၊ အိမ်စဉ်အတိုင်းသွားတယ်၊ **သပဒါနစာရိကဓုတင်**။တစ်ထပ်သာစားတယ် **ဧကာသနိက ဓုတင်**။ ခွက်တစ်လုံးထဲ သပိတ်ထဲပါတာသာစားတယ်၊ သပိတ်ဆိုတဲ့ခွက်တစ်လုံးထဲနဲ့စားတယ်နော် **ပတ္တပိဏ္ဍိက ဓုတင်**။ ဒီလို ရုံဖန်ရုံခါ သုသာန်မှာ နေတယ် **သောသာနိကဓုတင်**။ ရုံဖန်ရုံခါ သစ်ပင်အောက်မှာ နေတယ် **ရုက္ခမူလဓုတင်** ဆိုတဲ့ ဒီဓုတင်အကျင့်တွေ၊

http://www.dhammadownload.com



အဲဒီ ဓုတင်အကျင့်တွေဟာ ရှင်မဟာကဿပကြီး တစ်သက်လုံး ကျင့်သွားတဲ့အကျင့်တွေပဲ။

အသက် ၁၂၀ ရှည်သွားသည်ထိအောင် ဒီအကျင့်တွေကို ကျင့်သွားတဲ့ အရှင်မြတ်ကြီးပေါ့။ အဲဒီလို မြတ်စွာဘုရားက သင်္ကန်းတစ်ထည်ချီးမြှောက်ခြင်းဖြင့် တကယ့် ပံ့သကူသင်္ကန်းကို ချီးမြှောက်ခြင်းဖြင့် ဒီဓုတင်တွေ အောင်မြင်ဖို့အတွက် ရှင်မဟာကဿပကို ဒီတာဝန် ပေးလိုက်တဲ့သဘောပဲ၊ သာသနာတော်မှာ ဓုတင်ဆောင်တဲ့နေရာမှာ တကယ်စံပြပုဂ္ဂိုလ်ကြီးပေါ့။ ဒါကြောင့်မို့လို့ ဓုတင်ဆောင်တဲ့နေရာမှာ ဧတဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးမြှောက်စားခံရတဲ့ပုဂ္ဂိုလ်၊ နောက်ဆုံးမှာ ရှင်မဟာကဿပကြီးဟာ အသက် အိုမင်းရင့်ရော်လာတဲ့အခါမှာ တောရကျောင်းကြီးမှာ နေတယ်။ ဆွမ်းခံလို့စားရတယ်။ ပြီးတော့ သူဝတ်တဲ့ နှစ်ထပ်သင်္ကန်းကြီးလည်း တဖြည်းဖြည်း ဆွေးမြေ့လာတဲ့အခါကျတော့ ထပ်ထပ်ပြီးတော့ချုပ်ရတယ်။ အဖာတွေ အထွေးတွေကလည်း အများကြီးဆိုတော့ တစ်ထပ်

http://www.dhammadownload.com



ကနေ နှစ်ထပ်၊ နှစ်ထပ်ကနေ သုံးထပ်၊ သုံးထပ်ကနေ လေးထပ်၊ ဒီလိုဖြစ်လာတယ်။ သက်န်းကြီးကလည်း အင်မတန်လေးတယ်။

အသက်အရွယ်ရလာတဲ့အခါကျတော့ သင်္ကန်းက လေး၊ နေတဲ့ကျောင်းကလည်း တောကျောင်းဆိုတော့ တောင်ပေါ်တက်ရတာကို အင်မတန်မှ ပင်ပန်းပုံရတော့ မြတ်စွာဘုရားက ကဿပ၊ အသက်ကြီးပြီတဲ့ တို့နားနေပါဦးလား။ ဒကာဒကာမတွေလှူတဲ့ ပေါ့ပေါ့ပါးပါး သင်္ကန်းလေးဝတ်ပါလား၊ ဒကာဒကာမတွေ ဆွမ်းစားပင့်ရင်လည်း လိုက်ပါလားလို့ဆိုတော့ လက်မခံဘူး။ ရှင်မဟာကဿပက ငြင်းပယ်တယ်။ ဘာဖြစ်လို့ ငြင်းပယ်တာတုန်းလို့ဆိုတော့ တပည့်တော်ဟာ ဒီအကျင့်ကိုကျင့်လာတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ဒါကြောင့်မို့ တပည့်တော်ကျင့်တဲ့အတွက်ကြောင့် ဝန်လဲမလေးဘူး၊ နောင်လာနောက်သားတွေ အတွက်လည်း စံနမူနာဖြစ်ပါစေ ဆိုပြီးတော့ သူ ကျင့်ကြံကြိုးကုတ် အားထုတ်နေတာ၊ သူ့အတွက်လည်းပဲ ဒီဘဝ

http://www.dhammadownload.com



ချမ်းသာသုခရတယ်လို့ ဒီအကြောင်းအရာနှစ်ချက်နဲ့ မြတ်စွာဘုရားကို လျှောက်ထားပြီးတော့ သေတပန် သက်တဆုံး ဓုတင်အကျင့်ကိုကျင့်သွားတဲ့ အရှင်မြတ်ကြီးပေ့ါ။

အဲဒီလောက် ထူးချွန်တဲ့ပုဂ္ဂိုလ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါမှာ သူလည်းအင်မတန်မှ အသက်ကြီးပြီ၊ သို့သော် မြတ်စွာဘုရားထက် အသက်ရှည်တယ်၊ ဘုရားက သက်တော် ၈၀ မှာ ပရိနိဗ္ဗာန်စံတယ်။ သူက ၁၂၀ ထိအောင်နေသွားရတယ်။ အဲဒီတော့ သူက ဘယ်လိုလုပ်ပြီးတော့ ဒီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါမှာ သူ့ပရိသတ်ထဲမှာ သုဘဒ္ဒဆိုတဲ့ ကိုယ်တော်ကြီးတစ်ပါး ပါလာတယ်၊ ဘုရား ပရိနိဗ္ဗာန်စံတဲ့ဆီသွားတာ၊ ဘုရားပရိနိဗ္ဗာန်စံတဲ့သတင်းကို ရှင်မဟာကဿပရဲ့ တပည့်ပရိသတ်တွေက မရသေးဘူး။ ပါဝါကနေ ကုသိနာရုံကို သွားနေကြတာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့မယ်ဆိုတဲ့ သတင်းကြားလို့ အားလုံး ရဟန်းတွေဟာ ကုသိနာရုံကို သွားကြတယ်။ သို့သော်

http://www.dhammadownload.com



အဲဒီသတင်းလည်းရရော အဲဒီထဲက သုဘဒ္ဒ ဆိုတဲ့ ရဟန်းကြီးက "အေး- ရဟန်းဂေါတမ မရှိရင် တို့ လုပ်ချင်တာ လုပ်လို့ရတော့မှာပဲ၊ ဒီလိုမစိုးရိမ်ကြနဲ့၊ တို့လုပ်ချင်တာလုပ်လို့ရပြီ" လို့ ဒီစကားမျိုးကြားတဲ့ အခါကျတော့ ရှင်မဟာကဿပက သံဝေဂဖြစ်သွားတယ်။

အဲဒီမှာ ရှင်မဟာကဿပဟာ မြတ်စွာဘုရားရဲ့ အဆုံးအမတွေ တည်တံ့ဖို့အတွက် တို့တစ်ခုခု ဆောင်ရွက်ရမယ်လို့ဆိုပြီး သံဃာပရိသတ်ဟာ အဲဒီ တုန်းက ကုသိနာရုံကိုရောက်လာကြတာ ခုနစ်သိန်း ရှိတယ်။ အဲဒီ ခုနစ်သိန်းသော သံဃာတွေကြားထဲမှာ သုဘဒ္ဒလိုလူတွေ ရှိနေရင် ဒီ **အဓမ္မ** လို့ဆိုတဲ့ **ဓမ္မ**ရဲ့ ဆန့်ကျင်ဘက်တရားတွေ၊ **အဝိနယ**လို့ဆိုတဲ့ မြတ်စွာ ဘုရားပညတ်တဲ့ဝိနည်းရဲ့ဆန့်ကျင်ဘက်တွေ ထွန်းကား မလာခင်၊ အဲဒီဓမ္မတို့ ဝိနယတို့ကို ပယ်ဖျက်ခြင်းမခံရခင် တားမြစ်ခြင်းမခံရခင်၊ အဓမ္မဝါဒီပုဂ္ဂိုလ်တွေ ရှေ့တန်း ရောက်မလာခင်၊ အားမကောင်းခင် တို့တတွေ မြတ်စွာ

http://www.dhammadownload.com



ဘုရားရဲ့ တရားတော်တွေကို စုစုစည်းစည်း လုပ်ကြရအောင်လို့ အဲဒီလို သံဃာ့ပရိသတ်ရှေ့မှာ သူက ခေါင်းဆောင်ပြီးတော့ ပြောကြားခဲ့တာ။ ရှင်မဟာကဿပကြီးသာ အဲဒီလို မလုပ်ခဲ့ဘူး ဆိုလို့ရှိရင် ဒီကနေ့ဘုန်းကြီးတို့တတွေ သင်ကြားလေ့လာနေတဲ့ ပိဋကတ်တွေဟာ ပြည့်စုံမှု ရှိချင်မှရှိမယ်ပေါ့။

အခုတော့ ရှင်မဟာကဿပဟာ အဲဒီ သံဃာ့ပရိသတ်ကြားထဲမှာ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားဓမ္မတွေ စုစည်းဖို့ရန် အင်မတန်မှအရေးကြီးတယ်။ ဘုရားမရှိတဲ့နောက်မှာ ဒီမြတ်စွာဘုရားရဲ့ တရားတော်တွေပျောက်ပျက်သွားနိုင်တယ်။ နောက်ဆုံးမှာ ပန်းပွင့်တွေဟာ ကြိုးနဲ့သီပြီးတော့ မထားနိုင်ဘူး ဆိုလို့ရှိရင် လေတိုက်တာနဲ့ ဟိုတစ်ပွင့် ဒီတစ်ပွင့် လွင့်ပြီးတော့ အကုန်ပျက်စီးသွားနိုင်တယ်။ ဒါကြောင့်မို့ ကြိုးနဲ့သီထားသလို တို့တတွေ စနစ်တကျစုစည်းကြရအောင်၊ သူ့ရတဲ့ ဘုရားဟောတဲ့တရား၊ ကိုယ်ရတဲ့ ဘုရားဟောတဲ့တရား အားလုံး သံဃာတွေစုံတဲ့အချိန်

http://www.dhammadownload.com



မှာ ရ,ထားတဲ့တရားတွေ အကုန်လုံးစုစည်းပြီးတော့ ဒီအသံညှိပြီးတော့ သူ,ရတဲ့တရား ကိုယ်ရတဲ့တရား ရသမျှတွေကို ဘုရားဟောဟုတ်မဟုတ် စစ်ဆေးပြီး တော့ စုစည်းပေးတာ၊ ဒါ **သင်္ဂါယနာ** တင်တယ်လို့ ခေါ်တာပေါ့နော်။ **သံ**ဆိုတာ စုပေါင်းပြီးတော့၊ **ဂါယ** အသံချင်းတိုက်ထားတာပဲ၊ စုပေါင်းပြီးတော့ဆိုတယ် ဆိုတာ၊ သူ,ရတာနဲ့ ကိုယ်ရတာနဲ့ ညီမညီ ညှိကြည့်တာ ပေါ့။ အဲဒီလိုညှိကြည့်ပြီးတော့ ဘုရားဟောတဲ့တရား တွေ ဟုတ်ပြီ၊ မှန်ပြီဆိုတဲ့အခါမှာ အတည်ပြုပြီးတော့ အားလုံး ဘုရား တရားတော်တွေ မပျောက်အောင် စုစည်းခဲ့တာ။ အဲဒီ စုစည်းမှုကို ခေါင်းဆောင်တာ ဘယ်သူတုန်းဆိုလို့ရှိရင် ဒီရှင်မဟာကဿပ။ သူလုပ် ခဲ့တဲ့ အလုပ်ဟာ ဘယ်လောက် မြတ်စွာဘုရားကို ကျေးဇူးဆပ်ရာရောက်လဲလို့ဆိုရင် ဒီကနေ့ မြတ်စွာ ဘုရားရဲ့ သာသနာတော်ဟာ နှစ်ပေါင်း ၂၅၀၀ ကျော်သည်ထိအောင် သာသနာ တည်ရှိနေတာဟာ ဒါ သူဆောင်ရွက်ခဲ့လို့ တည်ရှိတာ။ အဲ- နို့မို့ဆိုရင်

http://www.dhammadownload.com



ဘုန်းကြီးတို့တတွေ ဒီတရားတော်တွေ တွေ့ကောင်းမှ တွေ့တော့မယ်။ ဘာဖြစ်လို့တုန်းဆိုတော့ နှစ်ပေါင်း ၂၅၀၀ ကျော်သွားပြီလေ။ အဲဒီတော့ ရှင်မဟာကဿပ ရဲ့ အစီအစဉ်အတိုင်း လက်ဆင့်ကမ်းပြီးတော့ ဆောင်ရွက်လာလို့သာ ဒီကနေ့ခေတ် သာသနာတော်ကို တွေ့ရတယ်။ အဲဒါ သံဂါယနာတင်တယ်ဆိုတာ အဲဒီသဘောပဲ၊ စုစည်းပြီးလာခဲ့ကြတာပေါ့။ အဲဒီမှာ ရှင်မဟာကဿပက ဒီတရားတော်တွေကို စုစည်းတဲ့ လုပ်ငန်းကိုလုပ်တဲ့အခါမှာ သူ့ရဲ့ခံယူချက်က ဘာလည်းဆိုရင် သူဟာ သာမာန်ပုဂ္ဂိုလ်တွေနဲ့မတူဘူးပေါ့။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကိုယ်တိုင် သူ့သင်္ကန်းကို အလှူခံပြီးတော့ ဘုရားဝတ်တဲ့ သင်္ကန်းကြီးကို သူ့ကိုပေးခဲ့တာ။ ဒါ သူ့ကိုတာဝန်ပေးခဲ့တာလို့ ယူဆတယ်။ ဒီလိုချီးမြှောက်မှုဟာ ရှင်သာရိပုတ္တရာတောင် မရခဲ့ဘူး၊ ရှင်မောဂ္ဂလာန်တောင် မရခဲ့ဘူး၊ အဲဒီတော့ မြတ်စွာဘုရားကိုယ်တိုင်ကိုက သင်္ကန်းပေးပြီးတော့ ချီးမြှောက်ခဲ့တဲ့ပုဂ္ဂိုလ်၊ သူ့စိတ်ထဲမှာ

http://www.dhammadownload.com



အခုလို ဘုရားမရှိတော့တဲ့အခါမှာ ဒီတရားတော်တွေကို စုစုစည်းစည်း ငါ မလုပ်ခဲ့ဘူးဆိုရင် ငါ တာဝန်မကျေဘူး၊ ကျေးဇူးဆပ်ရာမရောက်ဘူး။

ဒါကြောင့်မို့ ငါကျေးဇူးဆပ်မယ်လို့ သူ့စိတ်ထဲမှာ ဒါကအကောင်းဆုံးကျေးဇူးဆပ်နည်းကို ရွေးချယ်ပြီးတော့ မြတ်စွာဘုရားရဲ့ တရားတော်တွေကို စုစည်းပေးခဲ့တာ၊ စုစည်းပေးခဲ့ရုံတင်မကဘူး၊ ဒီသံဃာတွေကို ဦးဆောင်ပြီးတော့ နောက်ဆုံးမှာ မူသုံးချက် ချခဲ့တယ်လေ။ “**အပညတ္တံ နပညပေတဗ္ဗံ**” မြတ်စွာဘုရား ပညတ်တဲ့တရားတွေ အသစ် မပညတ်ရဘူး။ “**ပည–တ္တေသု** နော် **ပညတ္တန သမုစ္ဆိန္ဒိတဗ္ဗံ**” ပညတ်ပြီးသား တရားတွေကို မပယ်ဖျက်ရဘူး။ “**ယထာပညတ္တေသု သိက္ခာ ပဒေသု သိက္ခိတဗ္ဗံ**” ပညတ်ပြီးသား သိက္ခာပုဒ် အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ်လို့ဆိုတဲ့ ထေရဝါဒမူ သုံးချက်ကို ချမှတ်ပေးခဲ့တာလည်း ရှင်မဟာကဿပပဲပေါ့။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ ထေရဝါဒနိုင်ငံမှာ မြတ်စွာဘုရားရဲ့ မူရင်းတရားတော်တွေဟာ ပြုပြင်ပြောင်းလဲမှုမရှိဘဲနဲ့ ဒီကနေ့ထိတည်နေတာ၊ ဒီ ဆရာတော်ဘုရားကြီးဟာလည်း ကြည့်လေ၊ ဒီလိုကျောင်းကြီးတည်ပြီးတော့ စာပေပို့ချပြီး စာသင်တိုက်ကြီးကို ဦးဆောင်လာတယ်ဆိုတာ ဘာလုပ်တာလဲလို့မေးမယ်ဆိုရင် မြတ်စွာဘုရားရဲ့ ကျေးဇူးကို ဆပ်တာပဲပေါ့။ ဒီတော့ သာသနာပြုတယ်ဆိုတဲ့နေရာမှာ အရေးအကြီးဆုံးက ဘာလဲဆိုရင် မြတ်စွာဘုရားရဲ့တရားတော်တွေ သာသနာမှာတည်ရှိနေဖို့ဟာ အရေးအကြီးဆုံးပဲ။ ဘုရား တရားတော်တွေ ပျောက်ကွယ်သွားရင် သာသနာ ပျောက်ကွယ်သွားနိုင်တယ်။ ဓမ္မအစစ်တွေ ထွန်းကားဖို့၊ ဝိနယအစစ်တွေ ထွန်းကားဖို့။ ဓမ္မအတုအရောင်တွေ ဝိနယအတုအရောင်တွေ ပေါ်လာလို့ရှိရင် ဓမ္မအစစ် ဝိနယအစစ်ဆိုတာ ပျောက်ကွယ်သွားနိုင်တယ်။

ဒါကြောင့်မို့လို့ ခုလို စာသင်တိုက်ကြီးတွေ တည်ထောင်ပြီးတော့ သာသနာပြုတာဟာ ရှင်မဟာ

http://www.dhammadownload.com



ကဿပ သံဂါယနာတင်ပြီးတော့ သာသနာတော်ကို ရှည်ကြာအောင် ဆောင်ရွက်ခဲ့သလိုပဲ သာသနာတော်မှာ အင်မတန်မှအရေးကြီးတယ်ဆိုတာ အားလုံး သတိထားဖို့ လိုအပ်တယ်ပေါ့။ ဒီကနေ့ခေတ်မှာတောင်မှပဲ အတုအရောင်တွေဆိုတာ များစွာပေါ်ပေါက်လာပြီး တော့နေတယ်။ မြတ်စွာဘုရားဟောတဲ့တရား မဟုတ်ဘဲနဲ့ ဘုရားဟောတဲ့တရားနော်။ တရားအမျိုးစုံတွေပေါ်ပြီးတော့ မိမိတို့ထင်ရာတရားတွေကို ဟောပြောပြီး စာထဲပေထဲကလည်းမဟုတ်။ မြတ်စွာဘုရား အခုလိုရှင်မဟာကဿပတို့ ဦးဆောင်ပြီးတော့ ဘုရားဟောမူရင်းတရားတွေ မပျောက်ပျက်ရအောင် ထိန်းသိမ်းလာတဲ့ထဲကလည်း မဟုတ်ဘဲနဲ့ မိမိတို့ ထင်ရာမြင်ရာတရားတွေကို ဟောပြီးတော့ ဘုရားဟော လုပ်နေတာဟာ ဒါသာသနာအတွက် အင်မတန်မှ အန္တရာယ်များတယ်။ တရားတု တရားယောင်တွေကို တရားစစ်ထင်ပြီးတော့ လိုက်နာကျင့်သုံးမယ်ဆိုလို့ရှိရင် မြတ်စွာဘုရားချမှတ်ခဲ့တဲ့ နိဗ္ဗာန်ဆိုတဲ့ထွက်ပေါက်ဟာလည်း

http://www.dhammadownload.com



ပိတ်သွားနိုင်တယ်ပေါ့။ အဲဒီနိဗ္ဗာန်ဆိုတဲ့ထွက်ပေါက်ကို လျှောက်လှမ်းဖို့ဆိုတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားက လည်းပဲ မှန်ကန်တဲ့အကျင့်တရား မဟုတ်လို့ရှိရင် နိဗ္ဗာန်ထွက်ပေါက်ကို ဘယ်လိုနည်းနဲ့မှ မရောက်နိုင်ဘူး။

အေး-ဒါကြောင့်မို့လို့ ဒီကနေ့သာသနာပြုချင်ရင် သို့မဟုတ် မြတ်ဗုဒ္ဓရဲ့ကျေးဇူးကိုဆပ်ချင်တယ်ဆိုရင် ဘာလုပ်ရမလဲ၊ ရှင်မဟာကဿပကြီးက မြတ်စွာဘုရား ရဲ့ ကျေးဇူးကို ဘယ်လိုပေးဆပ်ခဲ့သလဲ။ သူစဉ်းစား တယ်၊ ကိုယ်တိုင်သက်န်းကိုချီးမြှင့်ပြီးတော့ ဝတ်ရုံစေခဲ့ တာ သူ့ကိုဒါအထူးချီးမြှောက်တာ၊ သင်္ဂါယနာမတင်ခဲ့ ဘူးဆိုရင် သူ ဘုရားရဲ့ကျေးဇူးကို ဆပ်ရာရောက်မှာ မဟုတ်ဘူး။ ဒါတင်မကဘူး **အဝိဂမ**လို့ဆိုတဲ့ တရားထူး တရားမြတ်တွေနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ဘုရားနဲ့ကိုယ်တိုင်နှိုင်းယှဉ်ပြီးတော့ ရှင်မဟာကဿပကို ရှေ့တန်းတင်ပြီးတော့ ချီးမွမ်းခဲ့တာ။ သံယုတ္တပရိသတ် ထဲမှာ အကြိမ်ကြိမ်ပဲ။ ငါ ပထမဈာန်ဝင်စားနိုင်သလို ကဿပလည်း ဝင်စားနိုင်တယ် စသည်ဖြင့် ငါရတဲ့

http://www.dhammadownload.com



တရားတွေ ကဿပလည်းရတယ် လို့ဆိုပြီးတော့ ဟောတဲ့ **ကဿပသံယုတ်**ဆိုတာ ရှိတယ်။

အဲဒီလို မြတ်စွာဘုရားက ထူးခြားတဲ့ တရားထူး တရားမြတ်တွေနဲ့ နှိုင်းယှဉ်ပြီး ရှင်မဟာကဿပကို သံဃာ့အလယ်မှာ ချီးမွမ်းခဲ့တာဟာလည်းပဲ အကြွေး တစ်ခုလို့ပဲ သူယူဆတယ်။ ဒါတွေကို ဒီလိုချီးမွမ်းခဲ့ တာဟာ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ငါ့ကိုရည်သန်ခဲ့တာပဲလို့ စိတ်ထဲမှာ ထားပြီးတော့ မြတ်စွာဘုရားကျေးဇူးကို ဆပ်မယ်ဆိုပြီးတော့လုပ်တာ။ အေး- ဒါကြောင့်မို့လို့ သူ ဘုရားဂုဏ်ကျေးဇူးကို ဘာနဲ့ ဆပ်သလဲဆိုလို့ရှိရင် မြတ်စွာဘုရားဟောတဲ့တရားတွေ မပျောက်ပျက်အောင် စုစည်းပေးခြင်းဖြင့် ကျေးဇူးဆပ် တာ။ အဲဒီတော့ ဘုန်းကြီးတို့တတွေလည်း ဒီကျေးဇူး ဆပ်ကြမယ်ဆိုရင် ဘာလုပ်ရမလဲ။ မြတ်စွာဘုရား တရားတော်တွေ မပျောက်ပျက်အောင် ဝိုင်းဝန်းပြီး တော့ ထိန်းသိမ်းစောင့်ရှောက်ကြရမှာ၊ ဒီကနေ့ တရား တု၊ တရားယောင်တွေ များစွာ ပေါ်ပေါက်လာသည့်

http://www.dhammadownload.com



အတွက်ကြောင့် ဘုန်းကြီးတို့တတွေဟာ မူရင်းစာတွေကို သင်ကြားပို့ချကြဖို့ အရေးကြီးတယ်။

ဒါကြောင့်မို့လို့ ဘုန်းကြီး အခုဆိုလို့ရှိရင် ပြင်ဦးလွင်မှာ **ဝိသုဒ္ဓိမဂ်** ဆိုတာကို ဘုန်းကြီးတွေကို သင်ပေးတာမဟုတ်ဘူး၊ လူ ဒကာ ဒကာမတွေကို သင်ပေးတယ်။ ဘာဖြစ်လို့ သင်ပေးတာလဲလို့ဆိုရင် မူရင်းကိုသိစေချင်လို့၊ မူရင်းကိုသိထားမှ ဘယ်သူပြောတာပဲဖြစ်ဖြစ် ဟုတ်သလား မဟုတ်ဘူးလား၊ စာထဲမှာ ပါတာလား မပါဘူးလားဆိုတာ ကွဲကွဲပြားပြားသိဖို့ အင်မတန် အရေးကြီးတယ်။ စာထဲမှာ မပါဘဲနဲ့ ပါသယောင် ကိုယ့်အယူအဆတွေကို တရားထဲမှာ ဟောပြောမယ်ဆိုလို့ရှိရင် ဒါဟာမှားယွင်းနိုင်တယ်ပေါ့။ စာကသာလျှင် မြတ်စွာဘုရားတရားကို အစဉ်အလာအားဖြင့် ထိန်းသိမ်းထားတာဖြစ်လို့ တရားဆိုတာ ကိုယ့်တရားမဟုတ်ဘူး၊ ဘုရားရဲ့တရားသာဖြစ်တယ်။ ဘုရားတရားဆိုလို့ရှိရင် ဘုရားဟောတဲ့အတိုင်း မှန်မှန်ကန်ကန် မှတ်သားဖို့ အင်မတန်မှ အရေးကြီးတယ်။

3B

http://www.dhammadownload.com



လောကမှာ ဟိုနည်းဒီနည်း ဆိုပြီးတော့ နည်းတွေ ပြောနေကြပေမယ်လို့ ဆရာတွေရဲ့ ခေါင်းစဉ်တပ်တဲ့ နည်းမျှသာဖြစ်တယ်။ အားလုံးဟာ ဘုရားနည်းတွေ ချည်းပဲ။ ဘုရားဟောတဲ့အတိုင်းပဲ လိုက်နာကျင့်သုံး ကြရမှာဖြစ်တယ်ပေါ့။ ဒါကြောင့်မို့ ဘုရားဟောတဲ့ တရားမူရင်းတွေ မပျောက်ပျက်အောင် ဘုန်းကြီးတို့ တတွေဟာ ထိန်းသိမ်းစောင့်ရှောက်ကြရမှာ။

လူပဲဖြစ်ဖြစ် ရှင်ပဲဖြစ်ဖြစ် မြတ်စွာဘုရားဟောတဲ့ မူရင်းကျမ်းစာတွေကို သင်ယူလေ့လာလို့ မိမိတို့တတ်ပြီး လို့ရှိရင် လက်ဆင့်ကမ်းဖို့ ဒါဟာ သာသနာပြုတဲ့ နေရာမှာ အရေးအပါဆုံး သာသနာပြုခြင်းပဲဖြစ်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ မြတ်စွာဘုရားဟောထားတဲ့ အတိုင်းပဲလေ။ အဋ္ဌကထာဆရာကြီးတွေကလည်း အမိန့်ရှိတယ်။ **“ပရိယတ္တိယေဝ သာသနဿမူလံ”** တဲ့၊ မြတ်စွာဘုရားရဲ့ သာသနာကြီး တည်တံ့ဖို့အတွက် သင်ယူမှုဟာ အဓိကဖြစ်တယ်။ စာပေ သင်ယူခြင်း၊ စာပေပို့ချပေးခြင်း သင်ယူခြင်းဟာ အင်မတန်မှ

http://www.dhammadownload.com



အရေးကြီးတယ်။ **"ပရိယတ္တိ ဌိတာယ သာသနံ ဌိတံ"** ပရိယတ္တိတည်နေသမျှ ကာလပတ်လုံး သာသနာ တည်တယ်လို့ ဒီလိုဆိုတာဟာ အင်မတန်မှ လေးနက် ပြီးတော့ မှန်ကန်တယ်ပေါ့။ ဒီကနေ့ မသင်လို့ မနက် ဖန်ခါ စာတွေ ပျောက်သွားတာနဲ့တပြိုင်နက် သာသနာ ဟာ ကွယ်သွားနိုင်တယ်ပေါ့။ နောက်ဆုံး စာသင်တဲ့ ပုဂ္ဂိုလ်တွေ မရှိဘူး ဆိုလို့ရှိရင် ဘုန်းကြီးတို့တတွေ မြတ်စွာဘုရား သာသနာတော်ဟာ ပျောက်ကွယ်သွား မယ်။ လူတွေက ထင်ကောင်းထင်လိမ့်မယ်။ ဘုရား ကျောင်းကန်တွေစည်ကားနေတာ သာသနာလို့ ထင် လိမ့်မယ်၊ မဟုတ်ဘူး။ သာသနာက ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေမျှသာဖြစ်တယ်။ တကယ့် သာသနာ အစစ်ဆိုတာ မြတ်စွာဘုရား ဟောကြားတဲ့ တရားတွေ သာ ဖြစ်တယ်။ မြတ်စွာဘုရားဟောကြားတဲ့ တရားတွေ လောကကြီးမှာ တည်ရှိနေဖို့ အင်မတန်မှ အရေးကြီး တယ်။

http://www.dhammadownload.com



ဒါကြောင့်မို့ ဒီကနေ့ခေတ်မှာတောင် ဘုန်းကြီးတို့တတွေ စပ်မိတဲ့အခါမှာ ပြောရသေးတယ်။ ဘုန်းကြီးတွေရဲ့ တကယ့်တာဝန်က ဘာလဲလို့ဆိုရင် ပိဋကသုံးပုံကို လေ့လာသင်ယူဖို့၊ အဋ္ဌကထာ ဋီကာနှင့်တကွ မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်တွေကို နားလည်အောင်သင်ယူမှုဟာ အင်မတန်မှ အရေးကြီးတယ်။ အဲဒီ သင်ယူပြီး တဆင့်ပို့ချပေးတာ၊ အခုဒီကျောင်းတိုက်ကြီးဆိုကြည့်- ဆရာတော်ကြီး ဦးဆောင်ပြီး လုပ်လာခဲ့တာ၊ တပည့်တွေ များစွာမွေးထုတ်ထားတာ။ ဆရာတော်ကြီး တပည့်တွေထဲကနေပြီးတော့ တိပိဋကရေ ပုဂ္ဂိုလ်ကျော်နှစ်ပါး ပေါ်ထွန်းလာခဲ့ပြီးသား။ အဲဒီတော့ ဒီလိုပုဂ္ဂိုလ်တွေကို မွေးထုတ်ပေးတာဟာ ဒါ သာသနာလက်ဆင့်ကမ်းတာခေါ်တယ်။ ထိုပုဂ္ဂိုလ်တွေကနေတဆင့် မိမိတို့ရဲ့ တပည့်တွေကို ဆက်လက်သင်ကြားပြီးတော့ ပို့ချသွားမယ်။ သာသနာဆိုတာ ဒီလိုလက်ဆင့်ကမ်းကြရတာ။ အဲဒီလို လက်ဆင့်ကမ်းတယ်ဆိုတာ သင်ယူပို့ချခြင်းသာ၊ သင်ယူပို့ချခြင်း

http://www.dhammadownload.com



ဖြင့်သာ လက်ဆင့်ကမ်းလို့ရတယ်။ တခြားနည်းနဲ့ လက်ဆင့်ကမ်းလို့မရဘူး။ ပုဂ္ဂိုလ်နဲ့ လက်ဆင့်ကမ်းရတယ်၊ စာအုပ်နဲ့လက်ဆင့်ကမ်းလို့မရဘူး။ အကယ်၍ စာအုပ်တွေကို တဆင့်ပြီးတဆင့် စာအုပ်တွေသာ ပေးထားခဲ့၊ မဖတ်တတ်တာနဲ့ နောက်ဆုံးသာသနာဟာ ပျောက်ကွယ်သွားနိုင်တယ်ပေါ့။ မသင်တာနဲ့ မသိတာနဲ့ ဒီသာသနာဟာ စာအုပ်ပဲရှိလင့်ကစား ပျောက်ကွယ်ပြီး တော့သွားတယ်လို့ ဒီလိုပဲဆိုရမယ်။ ဒါကြောင့်မို့ သာသနာကွယ်ဖို့ဆိုတာ လွယ်လွယ်လေးရယ်။

အေး-ဒါကြောင့်မို့လို့ အခုလို ရှင်မဟာကဿပဟာ မြတ်စွာဘုရားရဲ့ ကျေးဇူးတရားကို ဆောင်ရွက်တယ်။ ကျေးဇူးဆပ်တယ်ဆိုတာ ဘယ်လိုဆပ်တာတုန်း ဆိုရင် မြတ်စွာဘုရားဟောတဲ့ တရားတွေ တစ်လုံးတစ်ပါဒမှ မပျောက်ပျက်အောင် ထိန်းသိမ်းပေးခြင်းဖြင့် မြတ်စွာဘုရားကို ကျေးဇူးဆပ်တယ်။ အဲဒီလိုပဲ ဒီကနေ့ ခေတ်ရောက်လာတဲ့အခါ မြတ်စွာဘုရား ဟောကြားတဲ့ တရားမွေတွေရှိတယ်။ ဘုန်းကြီးတို့တတွေ ဘယ်လို

http://www.dhammadownload.com



ကျေးဇူးဆပ်ကြမလဲ။ သံဃာတွေက မြတ်စွာဘုရားရဲ့ တရားဓမ္မတွေကိုသင်ယူခြင်း၊ ပို့ချခြင်းဖြင့် ကျေးဇူးဆပ်ရမယ်။ ဒကာဒကာမတွေက သင်ယူပို့ချနေတဲ့ ပုဂ္ဂိုလ်တွေ သင်ယူခြင်း ပို့ချခြင်းကိစ္စမှာ လွယ်ကူချောမောပြီးတော့ ထို သင်ယူမှု ပို့ချမှုကိစ္စ အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ ပစ္စည်းလေးပါး ထောက်ပံ့အားပေးခြင်းဖြင့် တစ်ပိုင်းက ဆောင်ရွက်ရမယ်။ တစ်ပိုင်းက မိမိတို့ကိုယ်တိုင် တတ်စွမ်းသမျှ မြတ်စွာဘုရားရဲ့ တရားဓမ္မတွေကို မှတ်သားလေ့လာ သင်ယူခြင်းဖြင့် မြတ်စွာဘုရားရဲ့တရားတော်တွေကို ဒီလိုမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့အထဲမှာ တစ်တပ်တစ်အား ပါဝင်ပြီးတော့ ဆောင်ရွက်ဖို့ အင်မတန်မှ အရေးကြီးတယ်။ ဒါသာလျှင် သာသနာပြု အစစ်ဖြစ်တယ်။ တခြားနည်းနဲ့ သာသနာပြုရုံနဲ့ မြတ်စွာဘုရား တရားတော်တွေ တည်တံ့မှာမဟုတ်ဘူး။ ဘယ်လောက်ပဲ ကျောင်းကြီးတွေဆောက်ဆောက်၊ ဘယ်လောက်ပဲ ဘုရားကြီးတွေ တည်ထားထား မြတ်စွာ

http://www.dhammadownload.com



ဘုရား ဟောတဲ့တရား ပျောက်ကွယ်ပြီဆိုရင် ဒါ သာသနာကွယ်တယ်လို့ ပြောရမှာပဲ။ ဘာဖြစ်လို့တုန်း ကြည့်လေ- ပါကစ္စတန်နိုင်ငံမှာ ဘုရားပုထိုးတွေ ရှိတယ်လေ၊ ပြတိုက်ထဲမှာ ဘုရားရုပ်ပွားတော်တွေ ရှိတယ်လေ။ ဒါပေမယ့် ပါကစ္စတန် တစ်နိုင်ငံလုံးကလူတွေရဲ့ နှလုံးသားထဲမှာ ဘုရားတရား မရှိတော့ဘူး။ အိန္ဒိယ နိုင်ငံမှာ မြတ်စွာဘုရား သီတင်းသုံးခဲ့တဲ့ နေရာတွေ ကျောင်းနေရာဟောင်းတွေ ရှိတယ်လေ။ သို့သော် လူတွေရဲ့နှလုံးသားထဲမှာ တရားမရှိတော့ဘူး။ မရှိတာ ဟာ သာသနာကွယ်တာပဲပေါ့။ အဲဒီတော့ မြန်မာနိုင်ငံ မှာလည်းပဲ အခု နိုင်ငံသူနိုင်ငံသားတွေက ထိုက်သင့် သလောက် မြတ်စွာဘုရားတရားတော်ကို နာကြတယ်၊ လေ့လာကြတယ်၊ သင်ယူကြတယ်။ ဟို ရန်ကုန်တို့မှာ ဆိုလို့ရှိရင် အဘိဓမ္မာသင်တန်းတွေ၊ မန္တလေးမှာလည်း အခုအဘိဓမ္မာသင်တန်းတွေစသင်လာတယ်၊ ဝိသုဒ္ဓိမဂ် သင်တန်းတွေတို့၊ သံယုတ်ပါဠိတော် သင်တန်းတွေတို့ ဒီလိုသင်ယူလာကြတာဟာ ဒါက မှန်ကန်တဲ့ လမ်း

http://www.dhammadownload.com



ကြောင်းပေါ် ရောက်လာတယ်လို့ပဲ ဒီလိုပြောရမယ်။ အဲဒီလို သင်ယူခြင်းဟာ သာသနာတည်တံ့ခြင်းရဲ့ အကြောင်းတစ်ခုဖြစ်တယ်ဆိုတော့ မသင်ယူခြင်းဟာ သာသနာပျက်ခြင်းရဲ့အကြောင်းလို့ ဒီလိုပဲပြောရမှာပဲ။

အေး- ဒါကြောင့်မို့လို့ မှန်ကန်တဲ့တရား သိဖို့ အတွက် မှန်ကန်တဲ့စာပေကို သင်ရမယ်။ အဲဒီလို မသင်ဘူးဆိုလို့ရှိရင် တစ်ဦးတစ်ယောက်က ဒါ ဘုရား ဟောပါလို့ လာပြောတာ လက်ခံပြီးတော့ မမှန်ကန်တဲ့ တရားတစ်ခုကို အမှန်အကန်တရားလို့ ထင်ပြီးတော့ လိုက်နာကျင့်သုံးမယ်ဆိုရင် ကိုယ်ကျိုးနည်းသွားမယ်။ အများကြီး လမ်းမှားပြီးတော့ ရောက်သွားနိုင်တယ်။ ဒီကနေ့ခေတ်မှာ ဒီလမ်းဆိုတာ ဒီလမ်းအစစ်လို အတု အယောင်တွေက အင်မတန် များမှများသည့်အတွက် ကြောင့် မမှန်ကန်တဲ့လမ်းကြောင်းပေါ် ရောက်သွားလို့ ရှိရင် မမှန်ကန်တဲ့ ခရီးဆုံးနဲ့တွေ့သွားမှာပဲပေါ့။ အဲဒီ တော့ လမ်းမှားပြီးတော့သွားပြီဆိုတဲ့ပုဂ္ဂိုလ်တစ်ယောက် ဟာ သွားလိုတဲ့နေရာလည်း ရောက်မှာမဟုတ်ဘူး။

http://www.dhammadownload.com



မမှန်ကန်တဲ့လမ်းကြောင်းကို လျှောက်မိသည့် အတွက်ကြောင့် ဒုက္ခရောက်နိုင်တယ်။ နိဗ္ဗာန်သွားတဲ့လမ်းဆိုတာ အင်မတန်မှ မှန်ကန်ဖို့ အရေးကြီးတယ်။ ဒါကြောင့်မို့ အဲဒီ နိဗ္ဗာန်ဆိုတဲ့လမ်းကို တကယ် ညွှန်ပြနေတဲ့ ပိဋကသုံးပုံဆိုတာ ဒီကနေ့ခေတ် မပျောက်မပျက်ရှိနေသေးတယ်။ မြန်မာနိုင်ငံမှာ ယခုကျေးဇူးရှင်သက်တော်ရှည် ၈၀ ပြည့် မွေးနေ့အရှင်ဖြစ်တဲ့ ဒီကျောင်းတိုက်ရဲ့ အဓိပတိ နာယကဆရာတော်ဘုရားကြီးလို ကျောင်းတိုက်ကြီးတွေ တည်ထောင်ပြီးတော့ ဒီလို သာသနာပြုပြီးတော့နေကြတဲ့ အတွက်ကြောင့် မှန်ကန်တဲ့ လမ်းကြောင်းတွေဟာ ဒီကနေ့ထိအောင် ပွင့်နေသေးတယ်လို့ ဒီလိုပြောတာ။ အဲဒီပွင့်နေတဲ့ လမ်းကြောင်းတွေကရတဲ့ အသိကသာလျှင် တကယ့်အစစ်အမှန်ဖြစ်တယ်။ ဟိုက ဒီက လမ်းကြောင်းက မဟုတ်ဘဲနဲ့ တခြားလမ်းကြောင်းတွေက သွားတဲ့လမ်းဟာ မှန်ကန်မှုမရှိဘူး။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ ပရိယတ္တိစာပေသင်ယူမှုဟာ အင်မတန် အရေးကြီးတဲ့

http://www.dhammadownload.com



အတွက်ကြောင့် ဒကာဒကာမတွေအနေနဲ့၊ အားလုံး သူတော်စင် ပရိသတ်တွေအနေနဲ့ မြတ်စွာဘုရားကို ကျေးဇူးဆပ်ချင်တယ် ဆိုလို့ရှိရင် ဘယ်လိုလုပ်ရမလဲ။ ဘုရားဟောတဲ့ တရားတွေ ရေရှည်တည်တံ့အောင်၊ မိမိတို့ရဲ့ သားစဉ်မြေးဆက် (generation) တွေကို မျိုးဆက်သစ်တွေဆီကို လက်ဆင့်ကမ်းနိုင်အောင် ကြိုးစားခြင်းသာလျှင် မှန်ကန်တဲ့ လုပ်ဆောင်ချက် ဖြစ်တယ်။ ဘုရားကို မှန်မှန်ကန်ကန် ကျေးဇူးဆပ်ခြင်း ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီးတော့ မှန်ကန်တဲ့ ကျေးဇူးဆပ်နည်းဖြင့် ဆပ်နိုင်အောင် မြတ်စွာဘုရား တရားတော်ကို ကြိုးစားသင်ယူ ထိန်းသိမ်းခြင်းဖြင့် ဘုရားရဲ့သာသနာ ကြီးပွားအောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

http://www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီး ထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ် ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြု လျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက အောက်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘမိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

http://www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

http://www.dhammadownload.com

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ မွေ့သံဝေဂနှင့် ဘဝဆည်းဆာ

http://www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး

၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း

၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး

၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ

၁၁၀။ မွေးနေ့လက်ဆောင်

၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ

၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ

၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း

၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ

၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ

၁၁၆။ ဉာတပရိညာ

၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ

http://www.dhammadownload.com